# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် ( ၁၅၃)


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် အိန္ဒိယနိုင်ငံ အဂရာမြို့ရှိ တာ့ဂျ်မဟာ၊ AKLAKRITI ရွှေချည်ထိုးနှင့် ကျောက်ဆစ်လုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

**ထွက်ခွာ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားတို့နှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဂယာမြို့မှ အိန္ဒိယ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

# ကန်တော်ကြီး မြေပြင်ဒေသာကျွန်းတွင် ပထမအကြိမ် ဖရဲ၊ သခွားမွှေး ဈေးရောင်းပွဲတော်ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီး (ဆင်ဖြူကျွန်းနှင့် မြေပြင်ဒေသာကျွန်း)၌ ပထမအကြိမ် မြန်မာ ဖရဲ၊ သခွားမွှေး ဈေးရောင်းပွဲတော် ၂၀၂၀ ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ လာရောက်ကြည့်ရှုဝယ်ယူသူများဖြင့် စည်ကားများပြားလျက်ရှိသည်။


အဆိုပါပွဲတော်ကို မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဦးဆောင်၍ ယနေ့ ဖေဖော်ဝါရီ ၂၉ ရက်မှ

*စာမျက်နှာ ၁၀ ကော်လံ ၁* ❑

**ထူးခြားသည့် ညအပူချိန်များ**

၂၉-၂-၂၀၂၀

| | |
|---|---|
| ဟားခါးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| မင်းတပ်မြို့ | ၇ ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၇ ဒီဂရီစင်တီဂရိတ် |

# ရေကောင်းရေသန့်၊ လေကောင်းလေသန့်နှင့် လူထုကျန်းမာရေး

ယနေ့ ကမ္ဘာတစ်ခွင်သည် မြေထု၊ လေထု၊ ရေထု အစရှိသော ကမ္ဘာမြေနှင့် ဆက်စပ်တည်ရှိရာ ပတ်ဝန်းကျင်သည် ညစ်ညမ်းလာနေပြီဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို လူသားတို့ ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပြီဖြစ်ကြောင်း စသည်ဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များက ကြေညာပြောဆိုနေ၏။

သူတို့က မြေထု၊ ရေထု၊ ညစ်ညမ်းနေမှုများမှာ အလွန်ပင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းနေပြီဟု ဆိုကြ၏။ မဝေးလှတော့သော အနာဂတ်ကမ္ဘာအတွက် စိတ်ပူပင်စိုးရိမ်စရာကောင်းလောက်အောင် ဖြစ်လာနေသည်ဟုလည်း သတိပေးနေ၏။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာနေသူများ၊ သုတေသနပြုနေသူများ၏ တွေ့ရှိဖော်ပြနေမှုအမျိုးမျိုးကလည်း ယနေ့ကမ္ဘာ၏ အနေအထားမှန်ကို ကွက်ကွက်ကွင်းကွင်း မြင်နေရလေသည်။ ဘယ်ဆီပို့ကာ လွှင့်ပစ်ရမည်ကို မသိနိုင်အောင် ဖြစ်နေသည့် အမှိုက်ပုံကြီးများက ကမ္ဘာ့မြေပြင် နေရာအများအပြားတွင် တွေ့နေရသည်။ နည်းပညာအကူအညီဖြင့် အမှိုက်မှတစ်ဆင့် လောင်စာနှင့် စွမ်းအင်အဖြစ် ပြောင်းလဲပစ်ရန် ကြိုးစားနေသည့်ကြားမှ ထိန်းမနိုင် သိမ်းမရ ဖြစ်လာနေသော အမှိုက်များ၊ ပွယောင်းနေသည့် အမှိုက်ထုကြီးကို ဖိကာ၊ သိပ်ကာ၊ ချုံ့ကာဖြင့် ကျစ်လျစ်၊ ကျုံ့ဝင်၊ သိပ်သည်းသွားအောင် ပြုလုပ်နေသည့်ကြားက တောင်ပုံရာပုံ များပြားလာနေခြင်းဖြစ်၏။ ပင်လယ်ထဲ၊ သမုဒ္ဒရာထဲရှိ ရေပြင်ပေါ်ရော ရေနက်ကြမ်းပြင်ထဲမှာပါ တပြန့်တပြောရှိနေသည့် အမှိုက်မျိုးစုံနှင့် စွန့်ပစ်ပလတ်စတစ်များ၊ စေးကပ်ညစ်ထေးနေသော ဆီနှင့် အညစ်အကြေးများကလည်း ရေပြင်ကို တစ်စတစ်စ လွှမ်းမိုးလာနေသည်။ စက်ရုံများဆီက တလူလူ လွှင့်ထုတ်နေသည့် မီးခိုးငွေ့များ၊ လမ်းပေါ်ရှိ ယာဉ်အမျိုးမျိုးက စွန့်ထုတ်နေသည့် ကာဗွန်အခိုးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၏ ဝန်းကျင်တစ်ခိုရှိ ဖုန်များ၊ သဲများ၊ ကျောက်မှုန့်၊ ဘိလပ်မြေမှုန့်များကလည်း လူတစ်ဦးနှင့် တစ်ဦးပင် ကွဲကွဲပြားပြား မမြင်ရလောက်သည်ထိ မှုန်နေသည်မှာ မြို့ကြီးများတွင် တွေ့မြင်နေကျ မြင်ကွင်းဖြစ်နေပြီ။ လေထုညစ်ညမ်းမှုကို ခံစားနေရသည့်အတွက် လူတို့မှာ အသက်ပင် ရဲရဲမရှူဝံ့ဖြစ်နေရသည်။ ကမ္ဘာ့မြို့ကြီးများ၏ လေထုသန့်စင်မှုအဆင့်က လျော့နည်းကျဆင်းနေပြီဟု ကြေညာနေ၏။ အထူးသဖြင့် မြို့တော်ကြီးများ၊ မြို့ကြီးများတွင်ဖြစ်၏။

ကမ္ဘာမြေပေါ်တွင် တည်ရှိနေရသည့် မြန်မာနိုင်ငံသည်လည်း သီးခြားထီးထီးကြီး လွတ်ကင်းကာ ကျန်နေခဲ့စရာမရှိသည့်အတွက် အထက်ဖော်ပြပါ ညစ်ညမ်းမှုအစုစုကို ကမ္ဘာနှင့်အတူ ယှဉ်ကာတွဲကာ ခံနေရမည်သာ။ ရန်ကုန်က၊ မန္တလေးက၊ ပုဂံက၊ အင်းလေးက၊ ပုသိမ်က၊ တောင်ကြီးကဟူ၍ ခွဲခြားပြောဆိုဖို့ ခက်ခဲနေချေပြီ။ အမှိုက်တို့က နေရာတကာတွင် ဖြစ်နေ၏။ ရှိရှိသမျှသော မြို့များသာမက ကျေးလက်ဒေသများထိ မြန်မာနိုင်ငံတစ်ဝန်းက အမှိုက်ထု၊ ပလတ်စတစ်ထုက တောင်ပုံရာပုံ ဖြစ်လာနေပြီ။ မြေပြင်တစ်ခိုမက မြစ်ထဲ၊ ချောင်းထဲ၊ ကန်ထဲမှာပါ ရေနုတ်မြောင်းထဲ ရှင်းသူကရှင်း၊ ပစ်သူကပစ်ဖြင့် အမှိုက်များက ထိန်းမနိုင် သိမ်းမရပင် ဖြစ်လာနေပြီ။ မြေပြင်၊ ရေပြင်၊ လေပြင်တို့၏ ညစ်ညမ်းမှုက ကမ္ဘာနှင့်အမီ လိုက်နေပြီဟု ထင်၏။

မြန်မာနိုင်ငံရှိ မြို့များ၏ လေထုညစ်ညမ်းမှုသည်လည်း သတိပြုစောင့်ကြည့်ကြဖို့ လိုနေပြီဟု မြင်ပါသည်။ အချို့သောအချိန်များတွင် ရန်ကုန်မြို့ကို ခပ်လှမ်းလှမ်းမှ မြင်လိုက်ရသည့်အခါများတွင် မြူခိုးလိုလို၊ ဖုန်လိုလို ဝေဝါးမှုန်မှိုင်းနေသည့် ကန့်လန့်ကာတစ်ခုက ကာဆီးထားလေ့ရှိ၏။ မကြာမတင်က တိုင်းတာထားချက်များအရ အန္တရာယ်ဖြစ်လောက်သည့် လေထုညစ်ညမ်းမှု မဖြစ်သေးဟု သတင်းများတွင် တွေ့လိုက်ရပါသည်။ ကိန်းဂဏန်းများအရ ကျန်းမာရေးကို ထိခိုက်လောက်သည်ထိ မဖြစ်သေးဟုဆိုသော်လည်း အမြင်အရမှု စိတ်ပူဖွယ်ရာဖြစ်နေပြီ။

ထို့ပြင် အခြားသော လူမှုအဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းတို့ကလည်း တိုင်းတာစစ်ဆေး တွေ့ရှိချက်များ ထုတ်ပြန်နေသည်ကို တွေ့ရ၏။ အပေါ်ယံအမြင်အရ လူတို့သွားလာရင်း ဖုန်ရှောင်၊ သဲရှောင်ကာ အသက်ရှူနေရသည့် ပကတိအခြေအနေအရဆိုလျှင်မူ လေထုပြဿနာက ရှိနေပြီ။ စနစ်တကျတိုင်းတာမှုများအရ အန္တရာယ်မရှိသေးဟုဆိုလျှင်ပင် အချိန်မရွေး အန္တရာယ်ရှိလာနိုင်နေပြီဟု ယူဆရပါသည်။ မည်မျှလောက် အန္တရာယ်ရှိသလဲ၊ မည်မျှလောက် လေထုညစ်ညမ်းမှုရှိနေပြီလဲဆိုသည်ကို နေရာအနှံ့ အခြေအနေမျိုးစုံ အချိန်ကာလမျိုးစုံကို တိုင်းတာကာ အဖြေရှာရမည်ဟု မြင်ပါသည်။ အနိမ့်ဆုံးအားဖြင့် ကျန်ခဲ့သည့် ဆယ်စုနှစ်ကာလများအတွင်း တစ်နှစ်ထက်တစ်နှစ် လေထုအရည်အသွေး လျော့ကျလာနေသည်ကတော့ သိသာနေပြီဟု ယူဆပါသည်။

မည်သို့ပင်ဖြစ်စေ လူအများတို့၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးကို သတိပြုကာကွယ်ပေးရမည့် တာဝန်ရှိသူများအဖို့ အလေးအနက်ထားစီမံရမည့် အခြေအနေကိုတော့ ရောက်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရေကောင်းရေသန့် သောက်နိုင်ရေး၊ လေကောင်းလေသန့် ရှူနိုင်ရေးက နိုင်ငံသားတို့အတွက် အရေးကြီးသည်ပင် မဟုတ်ပါလား။ ရေကောင်းရေသန့် အရေးကြီးမှု၊ လေကောင်းလေသန့် အရေးကြီးမှုတို့ကိုလည်း လူထုက အလေးအနက်ထား ဂရုပြုကြရန် လိုပါလိမ့်မည်။

ယနေ့အခြေအနေအရ မြို့ကြီးများ၏ လေထုသန့်စင်မှုအနေအထားက ကျန်းမာရေးကို ထိခိုက်လောက်သည်အထိ မဖြစ်သေးဟုဆိုလျှင်ပင် ကျန်းမာရေးကို ထိခိုက်လောက်အောင် ဖြစ်စရာအကြောင်းမရှိဟု ဆိုခြင်းမဟုတ်။ ရသည့်အချိန်တွင် ရောက်နေသည့်နေရာမှစကာ လေထုညစ်ညမ်းမှုကို မည်သို့ကာကွယ်တားဆီးကြမည်၊ လေထုအရည်အသွေး ကောင်းမွန်မြင့်မားလာအောင် မည်သို့ပြုပြင်ထိန်းသိမ်းရမည်တို့ကို တွက်ဆစီမံကြရန် လိုအပ်နေမည်ဟု တင်ပြလိုက်ရပါသည်။ ။

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**"ပြည်ထောင်စု၏ သယံဇာတ၊ ဥပဒေနှင့်အညီ ထုတ်လုပ်ကြ" ဆောင်ပုဒ်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်က ယခုဆွေးနွေးပွဲသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများတွင် လွှတ်တော်သယံဇာတကော်မတီများ၏ အခန်းကဏ္ဍတိုးမြှင့်လာစေရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနိုင်စေရန်၊ သက်ဆိုင်ရာ ပြဋ္ဌာန်းပြီး ဥပဒေများ၏ အကျိုးသက်ရောက်မှုများအပေါ် သုံးသပ်အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံတော်၏ သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် စနစ်တကျရှိရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကျင်းပရခြင်းဖြစ်ပါကြောင်း။

သဘာဝ သယံဇာတများသည် စွမ်းအင်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်ပြီး ယင်းသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သဘာဝပတ်ဝန်းကျင်များကို ထိခိုက်မှုဖြစ်ပေါ်စေနိုင်သည့်အတွက် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်လည်း အရေးကြီးလှပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ပိုမိုကျရောက်လာနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများကို ကမ္ဘာ့နိုင်ငံအသီးသီးက ဦးစားပေးအလေးထားနေကြရပါကြောင်း၊ သဘာဝသယံဇာတထုတ်ယူမှုသည် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်နိုင်စေသလို သဘာဝ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သည့်အတွက် သယံဇာတထုတ်ယူမှု မစတင်မီကပင် ကြိုတင်ဆန်းစစ်မှုများ ပြုလုပ်ရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲ အစီအစဉ်တွင် သက်ဆိုင်ရာ ပါဝင်တက်ရောက်သူများအနေဖြင့် မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဥပဒေရှုထောင့်များ၊ လွှတ်တော်သယံဇာတကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အခန်းကဏ္ဍများ၊ သတ္တုတွင်းဥပဒေ၊ ကျောက်မျက်ရတနာ ဥပဒေတို့နှင့် စပ်လျဉ်း၍ စိန်ခေါ်ချက်၊ အကြံပြုချက်များအား ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် အကျိုးရှိပြီး ထိရောက်သော နှီးနှောဖလှယ်ပွဲတစ်ရပ် ဖြစ်စေရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။




ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ အမှာစကားပြောကြားစဉ်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးစိုးရသူထွန်းက သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ လွှတ်တော်၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟက အမျိုးသားလွှတ်တော် သယံဇာတကော်မတီ၏ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးက သတ္တုနှင့် ကျောက်မျက်ကဏ္ဍ ပြုပြင်ပြောင်းလဲမှု နောက်ဆုံးအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် "သတ္တုတွင်းဥပဒေအပေါ် အကောင်အထည်ဖော်နိုင်မှုအား ဆန်းစစ်လေ့လာခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် Myanmar Environment Institute မှ Director ဦးဝင်းနိုင်ထွန်းက ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အဖွဲ့ဝင် ဦးနေထက်ဝင်း၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးနှင့် Myanmar Environment Institute မှ Director ဦးဇော်နိုင်ဦးတို့က ဆွေးနွေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ "ကျောက်မျက်ဥပဒေ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ" ခေါင်းစဉ်အား ဦးဆောင်ဆွေးနွေးသူအဖြစ် Natural Resource Governance Institute မှ Country Manager ဦးမော်ထွန်းအောင်က ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးစီးဌာန ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သူရနှင့် ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင် ဦးကျော်စိန်တို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အချက်အလက်များအား ဥပဒေရေးရာရှုထောင့်အမြင်ဖြင့် ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင် ဦးကျော်စိန်နှင့် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆန်းစစ်မှုအသင်း ဥက္ကဋ္ဌ ဦးအောင်နန္ဒတို့က ဆွေးနွေးအကြံပြု တင်ပြကြသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတ္တုနှင့် ကျောက်မျက်လုပ်ငန်းရှင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ၊ WFD နှင့် UKaid တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ အဂရာမြို့ရှိ တာ့ဂ်ျမဟာအဆောက်အဦကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

*ရွှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဘီဟာပြည်နယ် စိုက်ပျိုးရေးဝန်ကြီး Dr.Prem Kumar၊ ဘီဟာပြည်နယ် လွှတ်တော်ကိုယ်စားလှယ် Mr.Vijay Kumar နှင့် ဘီဟာပြည်နယ်မှ တာဝန်ရှိသူများ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးမြင့်စိုးနှင့် ဇနီး ဒေါ်ရီရီနိုင်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက ဂယာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် အဂရာမြို့သို့ ရောက်ရှိကြရာ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ခရီးသွားလာရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Neelkanth Tiwari ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများနှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မှ တာဝန်ရှိသူများက အဂရာ လေတပ်စခန်း၌ အိန္ဒိယရိုးရာယဉ်ကျေးမှုအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် Oberoi Amarvilas ဟိုတယ်သို့ ရောက်ရှိကြပြီး ခေတ္တရပ်နားကြသည်။

## ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ အဂရာမြို့ရှိ တာ့ဂ်ျမဟာသို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက တာ့ဂ်ျမဟာ အဆောက်အဦ ဖြစ်ပေါ်လာသည့် နောက်ခံသမိုင်း၊ တာ့ဂ်ျမဟာ၏ အနုပညာလက်ရာများကို လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဘီဟာပြည်နယ်မှ တာဝန်ရှိသူများ၊ တာ့ဂ်ျမဟာမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တာ့ဂ်ျမဟာ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ အဂရာမြို့ AKLAKRITI ရှိ ကျောက်ဆစ်အတတ်ပညာဖြင့် ပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ အဂရာမြို့ AKLAKRITI ရှိ ရွှေချည်ထိုးထုတ်ကုန်များကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ AKLAKRITI သို့ သွားရောက်ပြီး စကျင်ကျောက်ကို ကျောက်ဆစ် အတတ်ပညာ အသုံးပြု၍ ပြုလုပ်ရောင်းချလျက်ရှိသော ကိုးကွယ်မှုဆိုင်ရာ ရုပ်တုများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ လက်မှုပန်းချီကျောက်ချပ်များ၊ ရွှေချည်ထိုးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရွှေချည်ထိုးထုတ်ကုန်များ၊ လက်ဝတ်ရတနာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

## ပို့ဆောင်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် အဂရာမြို့မှ အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာရာ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ခရီးသွားလာရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Neelkanth Tiwari၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများနှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်မှ တာဝန်ရှိသူများက အဂရာလေတပ်စခန်း၌ အိန္ဒိယရိုးရာယဉ်ကျေးမှုအကများဖြင့် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ည ၇ နာရီတွင် ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ဇနီးဒေါ်ခင်စောမူ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr.SumitSeth နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

အိန္ဒိယသမ္မတနိုင်ငံ၊ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ် နှင့် ဇနီး ရှရီမတီ ဆာဗီးတာ ကိုဗင့်ဒ် တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် အိန္ဒိယနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်မှ ၂၉ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည်။

နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ထွက်ခွာခဲ့ပြီး နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ဒေသစံတော်ချိန် ၁၃၅၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Shri Rameshwar Teli၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Shri Saurabh Kumar၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်သိန်းဇော်၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ အရာရှိများ၊ မြန်မာသံတမန်အရာရှိများနှင့် ၎င်းတို့၏ မိသားစုများမှ လေတပ်စခန်းတွင် ကြိုဆိုခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

- ❑ **မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ အကောင်အထည်ဖော်ဆောင်ရန် အိန္ဒိယနိုင်ငံမှ အကူအညီ ပေးအပ်သွားရန်ရှိ**
- ❑ **တမူးမြို့တွင် အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ် (ပထမအဆင့်) တည်ဆောက်ရေးစီမံကိန်းအား အိန္ဒိယ အကူအညီဖြင့် ဆောလျင်စွာ စတင်မည်**

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့အား အိန္ဒိယနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်က နယူးဒေလီမြို့ရှိ ရပ်စ်ထရာပတိဘာဝန်အိမ်တော်၌ တရားဝင်အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရမ်ဒရာ မိုဒီမှ ဟိုက်ဒြာဘတ်အိမ်တော်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့လည်းကောင်း၊ ညပိုင်းတွင် အိန္ဒိယနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်မှ ရပ်စ်ထရာပတိဘာဝန်အိမ်တော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် နှစ်နိုင်ငံသမ္မတများက အပြန်အလှန်ဆုတောင်းမိန့်ခွန်းများ ပြောကြားခဲ့သည်။

ယင်းနေ့ နေ့လယ်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယဝန်ကြီးချုပ် ရှရီ နာရမ်ဒရာ မိုဒီနှင့် ဟိုက်ဒြာဘတ်အိမ်တော်တွင်လည်းကောင်း၊ ညပိုင်းတွင် အိန္ဒိယနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ်နှင့် ရပ်စ်ထရာပတိဘာဝန်အိမ်တော်တွင် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံပွဲများတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်နွယ်မှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအပါအဝင် ကဏ္ဍစုံအကျိုးတူပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်သွားရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား အောင်မြင်စွာအကောင်အထည်ဖော်သွားရေး၊ ရခိုင်ပြည်နယ်တွင် လူမှု–စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးသွားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ရခိုင်ကိစ္စဖြေရှင်းရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်နေမှုများကို အိန္ဒိယနိုင်ငံက ဆက်လက်ထောက်ခံကူညီသွားရေး၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့အား အိန္ဒိယနိုင်ငံက မက်ထရစ် တန်ချိန် (၄) သိန်းအထိ တိုးမြှင့်ဝယ်ယူသွားရန် နိုင်ငံတော်သမ္မတက မေတ္တာရပ်ခံမှုအပေါ် အိန္ဒိယဝန်ကြီးချုပ်မှ အလေးအနက်ထား စဉ်းစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့ပြင် မြန်မာလူငယ်များ၏ အင်္ဂလိပ်စာအရည်အချင်း ပိုမိုတိုးတက်စေရေးအတွက် အွန်လိုင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်နှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများအတွက် နည်းပညာအကူအညီများ ထောက်ပံ့သွားရန် အိန္ဒိယဘက်မှ ကမ်းလှမ်းခဲ့သည်။ နိုင်ငံတော်သမ္မတသည် ယင်းနေ့နံနက်ပိုင်းတွင် Taj Palace ဟိုတယ်၌ အိန္ဒိယပြည်ပရေးဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာအား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် အဂရာမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၇ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရမ်ဒရာ မိုဒီက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

- **၇-၄-၂၀၂၀ ရက်တွင် အင်ဖာ-မန္တလေး ဘတ်စ်ကားလိုင်း စတင်ပြေးဆွဲမည်**
- **ကင်ဆာရောဂါကုသရေးအတွက် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်ကုထုံးစက်ကိရိယာ (Bhabhatron-2) ကို အိန္ဒိယနိုင်ငံမှ ထောက်ပံ့ပေးရန်ရှိ**

## မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ် နက်သ် ကိုဗင့်ဒ် က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်



# ● မြန်မာလူငယ်များ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုမြှင့်တင်ရေးအတွက် အိန္ဒိယနိုင်ငံမှ အွန်လိုင်းသင်တန်းများ ပို့ချသွားရန်ရှိ

# ● မြန်မာနိုင်ငံမှ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း မက်ထရစ် တန်ချိန် (၄) သိန်းအထိ တိုးမြှင့်ဝယ်ယူသွားရန် အိန္ဒိယနိုင်ငံမှ အလေးအနက်ထားစဉ်းစားမည်

## ❒ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများအတွက် အိန္ဒိယဘက်မှ နည်းပညာအကူအညီများ ထောက်ပံ့သွားရန်ရှိ

## ❒ အိန္ဒိယနိုင်ငံမှ ရခိုင်ပြည်နယ် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် နေရောင်ခြည်သုံးလျှပ်စစ်စွမ်းအင်၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အခြေခံအဆောက်အဦကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကူအညီ ပေးအပ်သွားမည်

*စာမျက်နှာ ၄ မှ*

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့ရှိ အက်ခ်ရှာဒါမ်ဟိန္ဒူ ဘုရားကျောင်းနှင့် မဟတ္တမဂန္ဒီဗိမာန်၊ အဂရာမြို့ရှိ တာ့ဂျ်မဟာ၊ ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီ၊ သတ္တသတ္တာဟ (၇) ဌာနနှင့် ဗောဓိညောင်ပင်၊ ဂါယာမြို့ရှိ မင်းတုန်းမင်းကျောက်စာနှင့် ရှေးဟောင်းသုတေသနပြတိုက် အပါအဝင် အိန္ဒိယနိုင်ငံရှိ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထို့ပြင် နယူးဒေလီမြို့ရှိ အိန္ဒိယအိမ်တွင်းလက်မှုပစ္စည်း ဗဟိုပြခန်းနှင့် အဂရာမြို့ရှိ ကာလကရိတီ ရွှေချည်ထိုးနှင့် ကျောက်ထွင်းကျောက်စီ အလုပ်ရုံပြခန်းတို့သို့လည်း သွားရောက်လေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ် အတွင်း နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် (၁၀)ခုအား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီချက်များမှာ တရားမဝင်သတ်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေး၊ ကျားနှင့် အခြားတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရန် အိန္ဒိယနိုင်ငံမှ အကူအညီပေးရေးဆိုင်ရာ သဘောတူညီချက်၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် မြောက်ဦးမြို့နယ်ရှိ ဆေးရုံတွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင်ပြန်လည် ထုတ်ယူနိုင်သောစက်ရုံတည်ဆောက်ရေးနှင့် ဂွမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံများနှင့် ရေပေးဝေရေးစနစ် တည်ဆောက်ရေးဆိုင်ရာ စီမံကိန်း သဘောတူညီချက်၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်ငါးမြို့နယ်၌ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာစီမံကိန်း သဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် ဘူးသီးတောင်မြို့နယ်၌ ကျွဲရိုင်း-အိုးဖြူ ကျေးရွာသွားလမ်းခင်းခြင်းနှင့် ကျောင်းတောင်-ကျွန်းပေါက် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်တွင် မူလတန်းကြိုကျောင်းများ ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်းသဘောတူညီချက်၊ ကျန်းမာရေးသုတေသနနယ်ပယ်တွင် မြန်မာဆေးသုတေသန ဦးစီးဌာနနှင့် အိန္ဒိယကျန်းမာရေးသုတေသနကောင်စီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရေနံထွက်ပစ္စည်းများကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် လူကုန်ကူးခြင်းမှ ကြိုတင်ကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား ကယ်တင်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်လွှဲပြောင်းရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ ဖြစ်ကြသည်။

နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ပူးတွဲကြေညာချက်တွင် နှစ်ဖက်စလုံးက ရှိရင်းစွဲနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်လာစေရန်၊ ကဏ္ဍစုံနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်သွယ်မှုများ တိုးမြှင့်ရန်၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံ၏ “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ” နှင့် အိန္ဒိယနိုင်ငံ၏ “အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ” နှင့် “အိမ်နီးချင်းဦးစားပေးမူဝါဒ” တို့၏ အပြန်အလှန်အကျိုးပြုလျက်ရှိမှုအပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်သစ်များကို ရှာဖွေဖော်ထုတ်သွားကြရန် သဘောတူညီခဲ့သည်။ မြန်မာအစိုးရ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံနှင့် ရခိုင်ပြည်နယ်တွင် လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းမှုများကို အိန္ဒိယဘက်မှ ဆက်လက်ထောက်ခံရန် ထပ်လောင်းအတည်ပြုခဲ့သည်။

နှစ်ဖက်စလုံးက အိန္ဒိယအစိုးရအကူအညီဖြင့် တမူးမြို့တွင် အဆင့်မီဘက်ပေါင်းစုံစစ်ဆေးရေးဂိတ်အား (ပထမအဆင့်) တည်ဆောက်ရေးစီမံကိန်းအား ဆောလျင်စွာ စတင်နိုင်ရေးအတွက် သဘောတူညီခဲ့သည်။ အင်ဖာနှင့် မန္တလေးအကြား ၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်မှစတင်၍ ဘတ်စ်ကားလိုင်းပြေးဆွဲမည့်အပေါ် နှစ်ဖက်လုံးက ကြိုဆိုခဲ့ကြသည်။ နှစ်ဖက်စလုံးသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆက်လက်၍ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံမှ ကင်ဆာရောဂါဝေဒနာရှင်များအတွက် “Bhabhatron-2” ခေါ် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်ကုထုံးစက်ကိရိယာပံ့ပိုးပေးရန် အိန္ဒိယနိုင်ငံ၏ ကမ်းလှမ်းမှုအတွက် ကျေးဇူးတင်ရှိသည်။

မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် အိန္ဒိယနိုင်ငံက နှစ်နိုင်ငံစီမံကိန်းများနှင့် အထောက်အပံ့ရန်ပုံငွေများဖြင့် ကူညီနေမှုကို မြန်မာဘက်မှ အထူးတန်ဖိုးထားကြောင်း ဖော်ပြခဲ့သည်။ နှစ်ဖက်စလုံးက ဘုံအကျိုးတူဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှုကို ဆက်လက်ထိန်းသိမ်းသွားရန် သဘောတူညီခဲ့ကြသည်။

မြန်မာနိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ကာလကြာရှည်စွာ တည်ရှိနေသည့် အစဉ်အလာဖြစ်သော မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံခေါင်းဆောင်များအကြား အဆင့်မြင့်ထိတွေ့ဆက်ဆံမှုကို ပိုမိုတိုးတက်စေခဲ့သည်။ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ကိုလည်း ပိုမိုမြင့်မားစေခဲ့သည်။ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးလဲလှယ်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် (၁၀)ခုသည် အပြန်အလှန်အကျိုးပြုမှုများကို အားသစ်လောင်းပေးပြီး နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားများ ဖြစ်ထွန်းစေရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ရပ်ဖြစ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်စေရန်အတွက် တွန်းအား တစ်ရပ်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁ ရက်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ COVID - 19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေးတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေးအား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့်က COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ရောဂါကာကွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နီးနွယ်ဌာနဆိုင်ရာများကို အသိပေးဆွေးနွေးမှု၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လျင်မြန်တုံ့ပြန်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများ၏ သီးခြားထားရှိ ကုသမှုပေးမည့်နေရာများ စီစဉ်ထားရှိမှု၊ ကျန်းမာရေးအသိပညာပေး နှိုးဆော်မှုများကို ဟိုတယ်များ၊ ကျောင်းများ၊ ရပ်ကွက်များ၊ စက်မှုဇုန်များ၊ သားငါးဈေးများ၊ အိမ်ရာများ၊ လူစည်ကားရာ ဘုရားများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်အလိုက် နေအိမ်တွင်ထားရှိ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Home Surveillance) များ ဆောင်ရွက်နေမှု၊ ခရီးသွားများဖြည့်စွက်သည့် Health Declaration Card များကို စိစစ်သုံးသပ်၍ လူနာနှင့် အနီးကပ်ထိတွေ့သူများအား ရှာဖွေဖော်ထုတ်ခြင်း(Contact Tracing)ကို ကွင်းဆင်းဆောင်ရွက်ခဲ့မှု စသည့်လုပ်ဆောင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ၌ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်များအလိုက် ကျွမ်းကျင်မှုဆိုင်ရာမှ ဗဟိုမှချမှတ်ပေးထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေကြသော ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်သွယ်နေသော အဓိက ဝင်၊ ထွက် ပေါက်ဖြစ်သည့်အတွက် COVID–19 ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အထူးအရေးကြီးသော တိုင်းဒေသကြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်မှုများ ပီပြင်လျှင် ပီပြင်သကဲ့သို့ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတကာမှ ခရီးသည်များ ပြည်တွင်းသို့ အဓိက ဝင်ရောက်ရာ ဝင်ပေါက်ဖြစ်သဖြင့် COVID–19 ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများအတွက် အထူးအရေးကြီးသော တိုင်းဒေသကြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသည်မှာ ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒနှင့်ကုသရေး ရှုထောင့်များမှ သုံးသပ်ပါက ကောင်းမွန်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုမှ ဆောင်ရွက်နေသည့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများ၊ အတွေ့အကြုံများကို ဝေမျှရမည်ဖြစ်ပြီး ကောင်းမွန်သည့် လုပ်ဆောင်ချက်များကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏ နေရာဒေသအခြေအနေများနှင့် ကိုက်ညီမှုရှိသော လုပ်ငန်းများကို အတုယူလုပ်ဆောင်စေလိုပါကြောင်း၊ ထိုသို့ လုပ်ငန်းဆောင်ရွက်မှုများ အတွေ့အကြုံများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm)တွင် လေ့လာဖတ်ရှုနိုင်ပါကြောင်း၊ ရောဂါကာကွယ်ရေးအတွက် နီးနွယ်ဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်သူများထံ ကျန်းမာရေး အသိပေးနှိုးဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးရန် ပြင်ဆင်ထားရှိခြင်း၊ ကောလာဟလ သတင်းမှားများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် သံသယလက္ခဏာ လူနာများအား ကွင်းဆင်းရှာဖွေခြင်း စသည့် လုပ်ငန်းများကိုရရှိသည့် လူအင်အား၊ ဘဏ္ဍာငွေအင်အား၊ စက်ပစ္စည်းကိရိယာအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

### စွမ်းဆောင်ရည်အခန်းကဏ္ဍသည် အရေးကြီး

လုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ စွမ်းဆောင်ရည် အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို တိုက်ဆိုင်စစ်ဆေးရန် စာရင်း (checklist) များဖြင့် အမြဲမပြတ် ကြည့်ရှုဆန်းစစ် (monitor) နေရမည်ဖြစ်ပြီး လိုအပ်ချက်နှင့် အားနည်းချက်များကို ချက်ချင်း အားဖြည့်ဆောင် ရွက်ရမည်ဆိုသည့် လမ်းညွှန်ချက်ကိုလည်း ရန်ကုန်တိုင်းဒေသကြီး၌ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်၊ ထွက်ပေါက်များမှ တာဝန်ရှိသူများအကြား အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ ချိတ်ဆက်မှုများကို တွေ့ရှိရသည့်အတွက် ကျေနပ်မှုရှိပါကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိ၌ COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ မရှိသေးသော်လည်း အချိန်မရွေး ပေါ်ပေါက်လာနိုင်သည်ဆိုသည့်အချက်ကို ပြည်သူလူထုများအားလုံး သိရှိနိုင်ရန် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဆက်သွယ်အသိပေးပြောကြားလျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လေကြောင်းခရီးဖြင့် အိမ်နီးချင်းနိုင်ငံများသာမက အလှမ်းဝေးသော နိုင်ငံများမှ ခရီးသည်များပါ နေ့ချင်းခရီးဖြင့် မိမိတို့နိုင်ငံသို့ ရောက်ရှိနိုင်သည့်အတွက် မိမိတို့နိုင်ငံ၌လည်း ရောဂါဖြစ်ပွားမှုများ ရုတ်တရက်တွေ့ရှိနိုင်သဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို စနစ်တကျတင်းကျပ်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တင်းကျပ်စွာ မဆောင်ရွက်ပါက သံသယလက္ခဏာလူနာများ လွတ်ထွက်သွားနိုင်ပါကြောင်း။

### သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း

ဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုများပြားလျက်ရှိသော နိုင်ငံများမှ လေကြောင်းခရီးစဉ် လာရောက်မှုများ တတ်နိုင်သမျှလျော့နည်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ လေကြောင်းခရီးဖြင့် လာရောက်သူများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ တည်းခိုနေထိုင်ရာနေရာ အတိအကျ၊ ပြည်တွင်း၌ သွားလာမည့် ခရီးစဉ်အတိအကျများကို စုံစမ်းမှတ်သား၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ရောဂါစောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသဖြင့် ကျေနပ်မှုရှိပါကြောင်း၊ နိုင်ငံတကာ ခရီးသည်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်သည့်အခါ ကျန်းမာရေးကြေညာချက် (health declaration card) တွင် ပါဝင်သော တည်းခိုနေထိုင်ရာနေရာ၊ ဖုန်းနံပါတ် စသည့်အချက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြဖြည့်သွင်းခြင်းမရှိပါက ပြည်တွင်းသို့ လုံးဝ (လုံးဝ) ဝင်ရောက်ခွင့်မပြုရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အကြောင်းကြားညှိနှိုင်းပြီးဖြစ်ပါကြောင်း။

ကျန်းမာရေးကြေညာချက် (health declaration card)ကို ဖြည့်သွင်းရာတွင် ခရီးသည်များ အဆင်ပြေစေရေးအတွက် မိမိတို့လိုအပ်သော သတင်းအချက်အလက် အချို့ကိုသာ ဖြည့်သွင်းနိုင်ရန် ယနေ့ပင်ပြုပြင်မွမ်းမံဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တိုင်းတွင် ကပ်ရောဂါအသွင်ပုံစံဖြစ်ပွားမှုများကို လျင်မြန်စွာ ကာကွယ်ထိန်းချုပ်ရေးအတွက် လျင်မြန်တုံ့ပြန်ရေးအဖွဲ့ (rapid response team)များ ဖွဲ့စည်းဆောင်ရွက်ထားခြင်းမှာ ကောင်းမွန်ပါကြောင်း၊ အဆိုပါအဖွဲ့များကို ယခုဖြစ်စဉ်အတွက်သာမက နောင်ဖြစ်ပေါ်လာနိုင်သည့် ဖြစ်စဉ်များအတွက်လည်း ဆက်လက်ဖွဲ့စည်းထားရှိရမည်ဖြစ်သည့်အပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွဲ့စည်းဆောင်ရွက်ရန်အတွက်လည်း အကြောင်းကြားမည် ဖြစ်ပါကြောင်း။

### ဆန်းစစ်မှုများပြုလုပ်

ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို မဟာဗျူဟာကျစွာ ဖြည့်ဆည်းဆောင်ရွက်ခြင်းသည် အရေးကြီးသဖြင့် လက်ရှိဝယ်ယူဖြန့်ဖြူးထားမှုများကို အမြန်ဆုံးသုံးသပ်ဆန်းစစ်မှုများပြုလုပ်၍ လိုအပ်မှုရှိပါက ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ နိုင်ငံတွင်း၌ COVID–19 ရောဂါပိုး စစ်ဆေးနိုင်ရန် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှု၊ လက်ရှိတွင် အန္တရာယ်ရှိသော ဓာတ်ခွဲနမူနာများကို ကိုင်တွယ်စစ်ဆေးပေးနေမှု၊ ဝေဘာဂီ အထူးကုဆေးရုံကြီးအပါအဝင် ဆေးရုံများတွင် သံသယနှင့် စောင့်ကြည့်လူနာများအား ကိုယ်တိုင် ရောဂါကူးစက်ခံရနိုင်ခြေရှိသည့်ကြားမှ ကြိုးပမ်းအားထုတ်ကုသမှုပေးနေသည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များအားလုံးသည် ပြည်သူများအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း။

### အထူးဦးစားပေး ဖြည့်ဆည်း

ဝေဘာဂီအထူးကုဆေးရုံနှင့် မန္တလေးမြို့ ကန်တော်နဒီကူးစက်ဆေးရုံများတွင် လူနာများအား သီးခြားထားရှိ၍ ကုသမှုပေးရာတွင် နိုင်ငံတကာအဆင့်အတန်းမီ ဖြစ်စေရေးအတွက် ယခုဘဏ္ဍာနှစ်မှစ၍ အထူးဦးစားပေး ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ ယခု COVID–19 ရောဂါဖြစ်စဉ်သာမက နောင်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါဖြစ်စဉ်များ အတွက်ပါ အသင့်ပြင်ဆင်ကုသနိုင်မည်ဖြစ်ပါကြောင်း၊ COVID–19 ရောဂါဖြစ်ပွားသူများအား အောင်မြင်စွာ ကုသမှုပေးခဲ့သည့် နိုင်ငံများ၏ ကုထုံးပုံစံ နည်းစနစ်များကိုလည်း သိရှိလေ့လာနိုင်ရန် မိမိလမ်းညွှန်ထားသည့်အတိုင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တစ်ဆင့်ဆက်သွယ်ဆောင်ရွက်ထားသည်ကို တွေ့ရသဖြင့် ကျေနပ်ပါကြောင်း၊ ကျန်းမာရေးအသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များ ပြုစုရာတွင် ပြည်သူများ အလွယ်တကူ နားလည်နိုင်စေရန်အတွက် ရိုးရှင်းသည့်ပုံစံဖြင့် သတင်းအချက်အလက် အနည်းငယ်ကိုသာ တိုက်ရိုက်ထည့်သွင်းရန် ဖြစ်ပါကြောင်း၊ ပြည်သူများထံ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ၏ အကျိုးထိရောက်မှု၊ ပြည်သူများက ကျန်းမာရေးအသိပညာများကို လက်တွေ့အသုံးချမှု၊ ဥပမာ လူစုလူဝေးများကို ရှောင်ကြဉ်ခြင်း၊ ချောင်းဆိုး၊ နှာချေပါက ဖုံးအုပ်ခြင်း၊ လက်ကို စနစ်တကျဆေးကြောခြင်း စသည်တို့ကို လက်တွေ့ဆောင်ရွက်နေမှု ရှိ၊ မရှိကိုလည်း ဆန်းစစ်သုံးသပ်မှု၊ လေ့လာမှုများ ပြုလုပ်နေပြီဖြစ်သဖြင့် ကောင်းမွန်ပါကြောင်း။

### ထပ်မံအားဖြည့်ပေးမည်

ယခုအစည်းအဝေး၌ လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများ၏ အတွေ့အကြုံ၊ အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို သိရှိရသည့်အတွက် ဝန်ကြီးဌာနမှ ထပ်မံထုတ်ဝေမည့် လုပ်ငန်းလမ်းညွှန်များတွင် မွမ်းမံပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ထမ်းများဖြင့် ထပ်မံအားဖြည့်ပေးမည်ဖြစ်ကြောင်း၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးရှိ လေးထပ်လူနာဆောင်သစ်ကိုလည်း အသွားအလာကန့်သတ် ရောဂါစောင့်ကြပ်ကြည့်ရှုမှု (quarantine) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိပြီး ထပ်မံလိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများတွင် အဝေးပြေးကားရပ်နားစခန်းများ၌ ကျန်းမာရေး အသိပညာပေးနှိုးဆော်မှုများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အရှိန်အဟုန် လုံးဝမလျော့ဘဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် ဝန်ကြီးဌာနမှလည်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### လိုအပ်ချက်များကို တင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ၊ အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းတင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသစ်ထုတ်ပြန်သော သံသယလူနာအဓိပ္ပာယ် ပြောင်းလဲသတ်မှတ်ခဲ့မှု၊ ကမ္ဘာပေါ်တွင် ကူးစက်ဖြစ်ပွားမှုအခြေအနေ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် မြန်မာနိုင်ငံတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကျန်းမာရေးဝန်ထမ်းများက ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန် တင်ပြဆွေးနွေးသည်။

*စာမျက်နှာ ၈ သို့*

# COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂၉-၂-၂၀၂၀ ရက်နေ့ထိ) (၂၉-၂-၂၀၂၀) ရက်နေ့ ၊ ည (၈:၁၅) နာရီ

**၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၉-၂-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)
ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၅၂ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၃၆၅၂ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂၈၅၈ ဦး

- ရောဂါစတင်ကူးစက်ပြန့်ပွားခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာနှင့် သေဆုံးသူအရေအတွက်မှာ ကျဆင်းလျက်ရှိသော်လည်း အခြားနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှု များပြားလာသည်ကို တွေ့ရှိရပါသည်။
- ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော အခြားနိုင်ငံများမှာ -
  - အနောက်ပစိဖိတ်ဒေသတွင်း (၉) နိုင်ငံ၊
  - ဥရောပဒေသတွင်း (၂၃) နိုင်ငံ၊
  - အရှေ့တောင်အာရှဒေသတွင်း (၄) နိုင်ငံ၊
  - အရှေ့အလယ်ပိုင်းဒေသတွင်း (၁၀) နိုင်ငံ၊
  - အမေရိကဒေသတွင်း (၃) နိုင်ငံနှင့်
  - အာဖရိကဒေသတွင်း (၂) နိုင်ငံတို့ ဖြစ်ကြပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ (၂၄-၂-၂၀၂၀) ရက်နေ့မှစ၍ ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ပြီး ရောဂါကူးစက်မှုမှာ နိုင်ငံပြင်ပမှ ကူးစက်ဖြစ်ပွားမှုသာမက နိုင်ငံတွင်း၌ပါ ကူးစက်မှုများရှိလာကြောင်း အထောက်အထားများ တွေ့ရှိလာရပါသည်။ သို့ဖြစ်ပါ၍ COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ(Risk Assessment) အား -
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက် Situation Report - 39 တွင် ဖော်ပြထားပါသည်။

**၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၂၉-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ)**

| | လူနာဦးရေ | ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | | |
|---|---|---|---|---|
| | | ပိုးတွေ့ | ပိုးမတွေ့ | စစ်ဆေးဆဲ |
| စောင့်ကြည့်လူနာ | ၄၃ | - | ၄၃ | - |
| သံသယလူနာ | ၂ | - | ၂ | - |
| **စုစုပေါင်း** | **၄၅** | **-** | **၄၅** | **-** |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၅) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများသို့ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိမှုအခြေအနေ (၂၉-၂-၂၀၂၀) ရက်နေ့**

| စဉ် | အဖွဲ့အစည်းအမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Hand Gel (ဗူး) | Protective goggles | Non-Contact Thermometer (ခု) | Ventilator (ခု) | Glove (ခု) |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၁,၁၀၀ | ၂,၅၂၅ | ၃၀,၀၀၀ | ၄၉၉ | ၅၀၀ | - | | ၂၀,၀၀၀ |
| ၂ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၂,၀၀၀ | - | ၅,၀၀၀ | ၁,၈၅၇ | | - | | ၆,၀၀၀ |
| ၃ | Sea Lion Company | ၂,၀၀၀ | - | - | - | | - | | |
| ၄ | ဥက္ကာသီရိကုမ္ပဏီ | ၁,၀၀၀ | - | - | ၂၂၅ | | - | | |
| ၅ | ဇီဇဝါကုမ္ပဏီ | - | - | - | - | | ၄၅ | | |
| ၆ | Gold Lite Co.,Ltd | | ၂,၀၀၀ | | | | | | |
| ၇ | Eclion Global Group နှင့် အခြားအလှူရှင်များ | ၃,၃၀၀ | | | | | | | |
| ၈ | ရီရှင်းကုမ္ပဏီမိသားစု | | | | | | | ၅ | |
| ၉ | Valves Co.,Ltd | | | ၂,၀၀၀ | | | | | |
| | **စုစုပေါင်း** | ၉၄,၀၀ | ၄,၅၂၅ | ၃၇,၀၀၀ | ၂,၅၈၁ | ၅၀၀ | ၄၅ | ၅ | ၂၆,၀၀၀ |

၆။ COVID-19 ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေး သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အီတလီ၊ အီရန်နှင့် အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။
- အဆိုပါနိုင်ငံများ၌ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၈။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများ၌ ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

( ခ ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

( ဂ ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၉-၂-၂၀၂၀) ရက်နေ့ ၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယနေ့ (၂၉-၂-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)၏ ပြန်ကြားချက်အရ မူဆယ်မြို့ ပြည်သူ့ဆေးရုံတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိသော အသက် (၂၀ နှစ်) အရွယ် အမျိုးသားတစ်ဦး၏ ဓာတ်ခွဲအဖြေတွင် Coronavirus Disease 2019 (COVID–19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရသဖြင့် ယနေ့အချိန်ထိ မြန်မာနိုင်ငံတွင် စောင့်ကြည့်လူနာနှင့် သံသယလူနာ စုစုပေါင်း ၄၅ ဦးအား ဓာတ်ခွဲစစ်ဆေးခဲ့ပြီး တစ်ဦးမျှ (တစ်ဦးမျှ) ရောဂါပိုး မတွေ့ရပါကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ (၂၉-၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံများတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုပေးလျက်ရှိသောသူ မရှိပါ။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း COVID–19 ရောဂါ ကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်းများမှ ကာကွယ်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။ (အောက်ပုံ)



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူကြသည်။

### ဩဝါဒကထာမြွက်ကြား

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယဩဝါဒကထာကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကိုယ်စား ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်နေ့မှ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့အထိ (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်အထိ) သံဃနာယကနှင့် ဝိနည်းဓိုရ်ဗဟို အဆင့်သင်တန်းကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်တွင် ဖွင့်လှစ်ခဲ့ရာ သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်သံဃာတော်များ သတိမမူမိသောအချက်များ ပြန်လည်သတိမူမိစေခြင်း၊ မရှင်းလင်းသည်များ ရှင်းလင်းလာစေ၍ လုပ်ထုံးလုပ်နည်းများ၏ အခြေခံသဘောတရားများကို သိရှိနားလည်လာစေခြင်း၊ သံဃနာယကအဖွဲ့ ဖွဲ့စည်းပုံ၊ ရွေးချယ်နည်း အဆင့်ဆင့်ကို သိရှိနားလည်လာစေခြင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားလွှာများဆိုင်ရာ ဆောင်ရွက်ပုံဆောင်ရွက်နည်းများကို ပိုမိုသိရှိနားလည်လာစေခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တို့၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်လာစေခြင်း၊ ဂိုဏ်းကူးပြောင်းမှုဆိုင်ရာ လုပ်ငန်းများကို သိရှိနားလည်လာစေခြင်း၊ ဝိနည်းဓိုရ်ဆရာတော်များ ဆောင်ရွက်ရသည့်လုပ်ငန်းများကို သိရှိရခြင်း၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ တရားရုံး၏ ဆောင်ရွက်ပုံဆောင်ရွက်နည်းနှင့် ဥပဒေရေးရာကိစ္စရပ်များကို သိရှိရခြင်း စသည့်လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့ရှိ ဘုရားစေတီဂေါပကအဖွဲ့တို့သည် ဘုရားဖူးလာပြည်သူများ ကြည်ညိုသဒ္ဓါတိုးပွားစေရေး စေတနာမှန်ကန်စွာ ထားရှိဆောင်ရွက်ရန်၊ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့်စီမံမှုတို့ကို အလေးထားဂရုပြုဆောင်ရွက်ကြရန်၊ ဘုရားစေတီများ၏ သန္တကပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲ၍ စည်းမျဉ်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)တွင် အများနှင့် သက်ဆိုင်သောပစ္စည်းကို **“အသင်းများမှတ်ပုံတင် အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းတစ်ခုခု၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ အရ ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အသင်းတစ်ခုခု၊ ပြည်သူတို့ဆိုင်ရာ ယုံမှတ်အပ်နှံမှုအဖွဲ့တစ်ခုခု၊ သို့တည်းမဟုတ်၊ အခြားအဖွဲ့အစည်းတစ်ခုခု ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် အသုံးပြုရန် လွှဲပြောင်းပေးအပ်ထားသည့် ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင်၊ သို့တည်းမဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်”** ကို ဆိုလိုသည်ဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါကြောင်း။

၃၀-၆-၁၉၈၁ ရက်နေ့တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ဘုရားစေတီ ၃၇ ဆူ၊ ၂၅-၂-၁၉၉၂ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနက ဘုရားစေတီ ၁၃၂ ဆူ၊ ၂၆-၄-၂၀၁၈ ရက်နေ့တွင် ဘုရားစေတီ ၅၇ ဆူ၊ စုစုပေါင်း ဘုရားစေတီ ၂၂၆ ဆူတို့၏ ဂေါပကအဖွဲ့များကို အဆိုပါ ဥပဒေပုဒ်မ ၂၊ (ဃ) (၄) အရ အခြားအဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်ကြောင်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

### အသိပေးအကြောင်းကြား

ဂေါပကများအနေဖြင့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေက ပေးသော ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်ကြောင်းကို အသိပေးအကြောင်းကြားပြီး ဖြစ်ပါကြောင်း။

၉-၁-၁၉၈၂ ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကလည်း စနစ်တကျ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိသေးသော စေတီပုထိုးများ၊ ရုပ်ပွားတော်များနှင့် သန္တကများကို မြို့နယ်သံဃနာယကအဖွဲ့များက ဂေါပကအဖွဲ့များ ဖွဲ့စည်းစေ၍ ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စနှင့်စပ်လျဉ်းပြီး ညွှန်ကြားလွှာအမှတ်(၃၆)ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့တွင် ပါဠိပထမပြန် စာဖြေဌာန ၂၄၁ ဌာန၊ ဓမ္မာစရိယစာဖြေဌာန ၅၇ ဌာန၊ နိကာယ်စာဖြေဌာန ၇၆ ဌာန ရှိပါသည်ဘုရား။ စာမေးပွဲများ ဖြေဆိုရာတွင် စာဖြေဌာန သန့်ရှင်းရေးအတွက် စာဖြေသံဃာများအနေဖြင့် စာဖြေပုဂ္ဂိုလ်များ လိုက်နာရမည့် တာဝန်ဝတ္တရားများ၊ စည်းမျဉ်းစည်းကမ်းများကို အထူးဂရုပြုလိုက်နာရန် လိုအပ်သကဲ့သို့ စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်များကလည်း စာဖြေဌာနကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများနှင့်အညီ သာသနာတော် သန့်ရှင်းတည်တံ့ရေးကို ရည်ရွယ်လျက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တော်မူကြရန် အရေးကြီးလှပါကြောင်း။

### အထူးပင်ဝမ်းမြောက်

စာဖြေဌာန သန့်ရှင်းရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအနေဖြင့် စီမံချက်တစ်ရပ် ရေးဆွဲ၍ ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့မှ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့အထိ (၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်နေ့မှ မတ်လ ၂၂ ရက်နေ့အထိ) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၃၈ မြို့နယ်တို့တွင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသီးသီးတို့မှ စာဖြေဌာန ကြီးကြပ်ရေး ဆရာတော်များအား ဩဝါဒပေးရေး ဆောင်ရွက်တော်မူလျက်ရှိကြောင်း သိရှိရသဖြင့်လည်း သာသနာတော်မြတ်ကြီးနှင့် ပရိယတ္တိစာမေးပွဲများအတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာ့ဥသျှောင်မဟာထေရ်မြတ်ကြီးများ ရှေ့ဆောင်ဦးရွက် စောင့်ရှောက်တော်မူနေကြသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ဆရာဒကာ ညီညာစွာ လက်တွဲ၍ ကြည်ဖြူသဒ္ဓါ စေတနာဖြင့် ထောက်ပံ့ ချီးမြှင့် ပူဇော်လျက်ရှိကြောင်း လျှောက်ထားအပ်ပါကြောင်း။

### တည်တံ့ခိုင်မြဲပါစေ

နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်များသည် ကိုယ်စိတ်နှစ်ပါး ပင်ပန်းနွမ်းနယ်မှုကို အလေးဂရုပြုတော်မူခြင်းမရှိဘဲ သာသနာတော်မြတ်ကြီး အကျိုး၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ အကျိုးတို့ကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ကြပါစေ၊ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးသည်လည်း အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေ၊ ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းတို့ကလည်း ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို စောင့်ရှောက်နိုင်ကြပါစေ၊ မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည်လည်း အနှစ်များမြောင် ကာလကြာအောင် သန့်ရှင်းတည်တံ့ထွန်းကားပြန့်ပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ (ဓမ္မာစရိယ၊ ဝိနယဓရ၊ Ph.D)က တင်သွင်းလျှောက်ထားသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်ကြီးများက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ယင်းနောက် သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

### ဆက်ကပ်လှူဒါန်း

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း အလှူရှင်အဖြစ် ဖခင်ကြီး ဦးမောင်မောင်၊ မိခင်ကြီး ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ သမီး ဒေါ်ပြုံးဝေသီ (သဒ္ဓမ္မဇောတိကဓဇ)က လည်းကောင်း၊ နေ့ဆွမ်းကို ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မဟာသရေစည်သူ ဦးရဲမြင့်နှင့် ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက ဝန်ထမ်းရေးရာ၊ ဘဏ္ဍာငွေ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၏ တင်ပြဆွေးနွေးမှုများကို ပြန်လည်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ ရောဂါစောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေဆိပ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် Aerodrome Company တို့မှ တာဝန်ရှိသူများ နှင့်တွေ့ဆုံပြီး လေကြောင်းခရီးမှတစ်ဆင့် ရောဂါအစပျိုးချိန်အတွင်း ရောဂါလက္ခဏာ မပြသေးသော ရောဂါရှိသူများ ဝင်ရောက်လာနိုင်သဖြင့် လေဆိပ်ဝင်ပေါက်တွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းစဉ်များ၏ အရေးကြီးမှုကို ပြောကြားသည်။

ယင်းနောက် လေကြောင်းခရီးသည်များ အနေဖြင့် ဝန်ကြီးဌာနမှ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ကောက်ယူမွမ်းမံ ပြင်ဆင်ထားသော ကျန်းမာရေးကြေညာချက် (health declaration card) များကို လေယာဉ်ပေါ်တွင် လေယာဉ်မောင်၊ မယ်များ၏ အကူအညီဖြင့် အပြီးသတ်ပြည့်စုံစွာ ဖြည့်သွင်းကြရေး၊ နိုင်ငံတကာခရီးသည်များ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်သည့်အခါ ကျန်းမာရေး အသိပေးကြေညာချက် (health declaration card) တွင် ပါဝင်သော တည်းခိုနေထိုင်ရာ နေရာ၊ ဖုန်းနံပါတ် စသည့် အချက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြဖြည့်သွင်းခြင်း မရှိပါက ပြည်တွင်းသို့ လုံးဝ (လုံးဝ) ဝင်ရောက်ခွင့်မပြုရေး၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ခရီးသည်များစွာနှင့် ထိတွေ့နေရသည်ဖြစ်သဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကူးစက်ခံရနိုင်ခြေမြင့်မားသဖြင့် ကျန်းမာရေးဝန်ထမ်းများက အသိပေးနှိုးဆော်ထားသည့် ကျန်းမာရေး အသိပေးချက်များကို လိုက်နာဆောင်ရွက်ရေး အပါအဝင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများတွင် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန်နှင့် လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် Aerodrome Company တို့နှင့် လုပ်ငန်းဆိုင်ရာ အထွေထွေ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

# သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအားလုံးအား ဖြောင့်မတ်မှန်ကန်စွာ ဦးဆောင်ဦးရွက်ပြုနိုင်ရန် အထူးပင်ကြိုးပမ်းအားထုတ်ကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ ဩဝါဒကထာ**

[ ၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်၊ စနေနေ့ ]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ကြွရောက်တော်မူလာကြသောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်မြတ်တို့ဘုရား –

ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံတော်မူကြလျက် ဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်အောင် အရှည်ခန့်၍ တည်တံ့အောင် စည်ပင်ပြန့်ပွားထွန်းကားအောင် သတိပညာ ရှေ့သွားပြု၍ ကြိုးပမ်းအားထုတ် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သအပ်ပါသည် ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား**

သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သံဃာတော်တို့၏ အကြီးအမှူး ဖြစ်တော်မူကြကုန်သော အရှင်မဟာကဿပမထေရ်အစရှိသည့် ရဟန္တာအရှင်မြတ်ကြီးများမှစ၍ မျက်မှောက်ခေတ်သာသနာ့ဥသျှောင်မထေရ်တို့အထိ ခေတ်အဆက်ဆက် မဟာထေရ်တို့သည် ဆရာစဉ်ဆက် ထေရဝါဒဗုဒ္ဓအဆုံးအမကို အာစရိယဟတ္ထမုဋ္ဌိ မစွန့်မလွှတ် မလစ်ဟင်းစေမူ၍ လက်ဆင့်ကမ်း ကြိုးပမ်းအားထုတ်တော်မူလာခဲ့ကြပါသည် ဘုရား။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်လည်း ကာလဒေသဌာနအားလျော်စွာ ၁၉၈၀ ပြည့်နှစ်မှစ၍ သံဃာ့ဂိုဏ်းကြီး(၉)ဂိုဏ်းတို့ပေါင်းရုံး ညီညွတ်မှုရရှိ၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို စတင်ကျင်းပနိုင်ခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ကြိုးကြိုးစားစားအားထုတ် ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသောမူနှင့်အညီ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စရပ်များကို အစဉ်တစိုက်ဆောင်ရွက်လာကြသည်မှာ ယနေ့တိုင် နှစ်ပေါင်းရှည်ကြာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည် ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးသည် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးရှိ ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးတို့၏ ရှေ့ဆောင်ရှေ့ရွက်ပြု ရပ်တည်နေသည့် အဖွဲ့အစည်းကြီးပင်ဖြစ်ပါသည်။ **"ရှေ့ဆောင်နွားလား၊ အဖြောင့်သွားက၊ နောက်နွားတသိုက်၊ အဖြောင့်လိုက်၏။ ရှေ့၌ နွားမှူး၊ အဖြောင့် ကူးသော်၊ မထူးနောက်ပါ၊ နွားတကာလည်း၊ ဖြောင့်စွာမြစ်၌၊ ကူးနောက်လိုက်၏"** ဟူသော ဘုရားအလောင်းတော် နွားလားဥသဘထုံးကို နှလုံးမူ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအားလုံးအား ဖြောင့်မတ်မှန်ကန်စွာ ဦးဆောင်ဦးရွက်ပြုနိုင်ရန် အထူးပင်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်ဘုရား။

ထိုသို့ ဦးဆောင်ဦးရွက်ပြုနိုင်ရန် ကြိုးပမ်းအားထုတ်ကြရာတွင် **"ဧဝ မေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ"** စသည်ဖြင့် မဇ္ဈိမနိကာယ် အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၌ ဘုရားရှင်ဟောဖော် ညွှန်ကြားထားသည့် ဩဝါဒစကားတော်နှင့်အညီ မိမိတို့ဆောင်ရွက် ဆုံးဖြတ်ကြရမည့် သာသနာရေးရာကိစ္စ၊ ဝိနိစ္ဆယရေးရာကိစ္စ၊ ပညာရေးရာကိစ္စဟူသမျှတို့ကို ဓမ္မဝိနယနှင့် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများနှင့် လည်းကောင်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယ လက်စွဲ၊ ညွှန်ကြားလွှာများနှင့်လည်းကောင်း ညီညွတ်မှုရှိနိုင်သမျှရှိရလေအောင် ဆင်ခြင်စဉ်းစားဝေဖန်သုံးသပ် ဆောင်ရွက်မိကြစေရန် အထူးအရေးကြီးလှပါသည်ဘုရား။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

ယင်းသို့ ဆင်ခြင်စဉ်းစားဝေဖန်သုံးသပ်ကြသည့်အခါ ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်း စသည်များနှင့် ညီညွတ်မှုမရှိပါက မပြုလုပ် မဆောင်ရွက်ရသေးသော ကိစ္စဖြစ်လျှင် မပြုလုပ်မဆောင်ရွက်ဘဲ ရှောင်ကြဉ်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။ ပြုလုပ်ဆဲကိစ္စဖြစ်ပါက ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်စဲထားနိုင်မည်ဖြစ်ပါသည်ဘုရား။ ပြုလုပ်ဆောင်ရွက်ပြီး ဆုံးဖြတ်ပြီးကိစ္စဖြစ်ပါက ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်း စသည်များနှင့်အညီ အမှန်တရားဘက်သို့ ပြန်လည်တည့်မတ်ပေးနိုင်ရန် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပေးနိုင်မည် ဖြစ်ပါသည် ဘုရား။ သို့မှသာ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာရဟန်းရှင်လူပြည်သူတို့၏ ယုံကြည်ကိုးစားအားထားမှုကိုရရှိပြီး ဦးဆောင်ဦးရွက်ပြုနိုင်သည့် အဖွဲ့အစည်းကြီးဖြစ်လာနိုင်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား**

"သံဃာအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်တော်မူကြရသော သံဃနာယကဆရာတော်များ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို စီရင်ဆုံးဖြတ်တော်မူကြရသော ဝိနည်းဓိုရ်ဆရာတော်များသည် သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်လိမ္မာစွာ တာဝန်ထမ်းဆောင်နိုင်ကြစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့် သံဃနာယကနှင့် ဝိနည်းဓိုရ် သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယင်းသို့ ဖွင့်လှစ်နိုင်ရေးအတွက် ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့(၃-၃-၂၀၁၇)တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးက "သံဃနာယက နှင့် ဝိနည်းဓိုရ် ဗဟိုအဆင့် မွမ်းမံသင်တန်းကို ၃ နှစ်လျှင် ၁ ကြိမ် ကျင်းပရန်" ဟူသော မူကို ချမှတ်နိုင်ခဲ့ပါသည်ဘုရား။

ယင်းဆုံးဖြတ်ချက်နှင့်အညီ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်ကြစေရန် ဗဟိုအဆင့် မွမ်းမံသင်တန်းပြီးဆုံးပြီးနောက် မိမိတို့နယ်မြေအခြေခံဒေသများတွင် ဆင့်ပွားသင်တန်းများ ထပ်ဆင့်ပို့ချနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်ဘုရား။

ထိုသို့ အဆင့်ဆင့်သင်တန်းများပို့ချခြင်းကြောင့် မြို့နယ်သံဃနာယကအဖွဲ့မှ မြို့နယ် သီးခြားသံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုများအပါအဝင် သံဃဝိနိစ္ဆယလုပ်ငန်းများသည် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာ (၇၅) ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးများနှင့် ညီညွတ်မှု ရှိ- မရှိကို တိုင်းဒေသကြီး၊ ပြည်နယ်သံဃနာယကအဖွဲ့တို့မှ စိစစ်ဆောင်ရွက်ခြင်း ကိစ္စရပ်များ၌ အထောက်အကူဖြစ်စေမည့်အပြင် အဖွဲ့အစည်းတာဝန်ကို ပြောင်းလဲထမ်းဆောင်ကြသည့် သံဃနာယကဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်လာမည်ဖြစ်ပါသည်ဘုရား။ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြသည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ကိစ္စအဝဝကို ဆောင်ရွက်ကြရာတွင် နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်တို့သာ လုပ်ထုံးလုပ်နည်းများ ကျွမ်းဝင်ကျေလည်နေရုံသာမက အောက်ခြေ အဆင့် သံဃနာယကအဖွဲ့များ၊ ဝိနည်းဓိုရ်ဆရာတော်များအားလုံးပင် ကျွမ်းဝင် ကျေလည်နေရန်လည်း လိုအပ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား**

ဝေနေယျသတ္တဝါအများ၏ စီးပွားချမ်းသာအလို့ငှာ မြတ်စွာဘုရားသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ်ကို ကရုဏာရှေ့ထား၍ ပေးသနားတော်မူခဲ့ရာ ယင်းသာသနာတော်သုံးရပ် တည်တံ့ရေး၏ အခြေခံမူလ ဘူတသည် ပရိယတ္တိသာသနာတော်ပင်ဖြစ်ပါသည်ဘုရား။ ထိုပရိယတ္တိသာသနာ တော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေးကို ရှေးရှု၍ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၊ အစိုးရဓမ္မာစရိယ စာမေးပွဲ၊ ပါဠိပထမ ပြန်စာမေးပွဲ စသောစာမေးပွဲများကို သက်ဆိုင်ရာစာမေးပွဲစည်းမျဉ်းများနှင့် အညီ နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပေးလျက်ရှိပါသည် ဘုရား။ ထိုသို့ကျင်းပလျက်ရှိသော စာမေးပွဲများ သန့်ရှင်းအောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ၁၃၄၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့(၂၆–၂–၁၉၈၀)တွင် ညွှန်ကြားလွှာအမှတ်(၂၀) ကို လည်း ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ညွှန်ကြားလွှာအမှတ် (၂၀)အပိုဒ် (၄)တွင် "ဤကဲ့သို့ စာမေးပွဲမသမာမှုများ ရှိနေခြင်းသည် ဝိနည်းသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ခြိမ်းခြောက်လျက်ရှိသော အန္တရာယ်ဆိုးကြီးပင် ဖြစ်ပေသည်။ အများ၏ အကြည် ညိုခံ၊ အရှိခိုးခံ၊ အပူဇော်ခံ ရဟန်းဘဝ၏ ဂုဏ်သိက္ခာများနှင့်လည်း များစွာ မလျော်ကန်သောအမှု ဖြစ်ပေသည်။ စာမေးပွဲမသမာမှုသည် သကျပုတ္တသာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတော်များ မဆိုထားဘိ၊ သာမန်လူဝတ်ကြောင်များသည်ပင် မလုပ်ထိုက်သော မလုပ်ရသော အပြုအမူမျိုးဖြစ်ပေသည်" ဟု သတိပေးထုတ်ပြန်ခဲ့ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်သူမြတ်တို့ဘုရား**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့ (၂၂–၁၁–၂၀၁၉) တွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးကလည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ဝင် ဆရာတော်များနှင့် စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ဝင် ဆရာတော်များအား ဩဝါဒပေးတော်မူပါရန် တင်ပြခြင်းကိစ္စနှင့်ပတ်သက်သည့် လုပ်ငန်းစီမံချက်ကိုအတည်ပြု၍ လုပ်ငန်းကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ ပရိယတ္တိသာသနာတော် သန့်ရှင်းရေးကိစ္စများကို တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း လျှောက်ထားလိုပါသည် ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်သူမြတ်တို့ဘုရား**

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ ဆရာတော်အရှင်မြတ်တို့အနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများ ဖြစ်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စအဝဝတို့ကို ဆောင်ရွက်ကြရာ၌ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်တော်လာ ဘုရားရှင်၏ မိန့်မှာတော်မူချက်နှင့်အညီ "သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်၍ ကိုယ်ဖြင့်ပြုအပ်သော သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူကြပါ၊ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်၍ နှုတ်ဖြင့် ပြုအပ်သော သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူကြပါ။ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်၍ စိတ်နှလုံးဖြင့်ပြုသင့်သော သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူကြပါ" ဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ ဘုရား။

**" ဦးဆောင်ဦးရွက်ပြုနိုင်ရန် ကြိုးပမ်းအားထုတ်ကြရာတွင် "ဧဝ မေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိ တွာ မနသာ ကမ္မံ ကာတဗ္ဗံ" စသည်ဖြင့် မဇ္ဈိမနိကာယ် အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၌ ဘုရားရှင်ဟောဖော်ညွှန်ကြားထားသည့် ဩဝါဒစကားတော် နှင့်အညီ မိမိတို့ဆောင်ရွက် ဆုံးဖြတ်ကြရမည့် သာသနာရေးရာကိစ္စ၊ ဝိနိစ္ဆယရေးရာကိစ္စ၊ ပညာရေးရာကိစ္စဟူသမျှတို့ကို ဓမ္မဝိနယနှင့် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများနှင့် လည်းကောင်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယ လက်စွဲ၊ ညွှန်ကြားလွှာများနှင့်လည်းကောင်း ညီညွတ်မှုရှိနိုင်သမျှရှိရလေအောင် ဆင်ခြင်စဉ်းစား ဝေဖန်သုံးသပ်ဆောင်ရွက်မိကြစေရန် အထူးအရေးကြီးလှ"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

**နွေရာသီကာလတွင် ကျေးရွာအချို့၌ ရေရှားပါးမှု၊ သောက်သုံးရေ မလုံလောက်မှုပြဿနာကို နှစ်စဉ်ကြုံတွေ့လျက်ရှိရာ အဆိုပါအခက်အခဲကို လျှော့နည်းသက်သာစေရန် နိုင်ငံတော်သမ္မတအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတော်ရန်ပုံငွေများဖြင့် ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းတွင် ပခုက္ကူမြို့နယ် ချောင်းဆုံကျေးရွာနှင့် ဆုံကုန်းကျေးရွာတို့၌ နိုင်ငံတော်သမ္မတ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းတူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသနေပြည်သူများနှင့် တွေ့ဆုံ၍ ချောင်းဆုံကျေးရွာနှင့် ဆုံကုန်းကျေးရွာများသည် ရေအရင်းအမြစ်ရှားပါးသည့် ဒေသဖြစ်သည့်အတွက် ရေချိုထွက်ရှိရန် တူးဖော်ရခက်ခဲကြောင်း၊ ဒေသနေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေ ရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ လှူဒါန်းငွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာနှင့် လုပ်အားဒါနတို့ဖြင့် စက်ရေတွင်း၊ ရေတင်စက်၊ ရေစုကန်နှင့် အိမ်တိုင်ရာရောက် ရေသွယ်စနစ်များ ပါဝင်သည့် ကျေးရွာရေရရှိရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ ချောင်းဆုံကျေးရွာတွင် စက်ရေတွင်းတူးဖော်မှုမှ ထွက်ရှိသော ရေအရည်အသွေး ဓာတ်ခွဲစမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရေတွင်းမှ ထွက်ရှိလာသော ရေများ၏ ရေအရည်အသွေး ဓာတ်ခွဲစမ်းသပ်မှုနှင့် ရေစုကန်၊ ကွန်ကရစ်ရေစင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့နယ် ရေလာလေးကျေးရွာတွင် ကျင်းပသည့် စက်ရေတွင်းနှင့် ရေတင်စက်ရုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

**သောက်သုံးရေဖူလုံစေမည်**

အဆိုပါ စက်ရေတွင်းနှင့် ရေတင်စက်ရုံကို Halpin Group "ပညာအောင်မြေ" စာသင်ဝိုင်း တည်ထောင်သူနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ မိတ်ဆွေမိသားစုများ၊ RC-3 မှ တပည့်များ စုပေါင်းလှူဒါန်းသည့် အလှူငွေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စေတနာမျှဝေခြင်းအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်ရေတွင်းမှာ အချင်း လေးလက်မ၊ တွင်းတူးအနက် ပေ ၅၀၀ ရှိကာ ရေလာလေးကျေးရွာရှိ အိမ်ထောင်စု ၁၇၃ စုမှ လူဦးရေ ၇၆၅ ဦးကို သန့်ရှင်းသော သောက်သုံးရေဖူလုံစေမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် ပေပင်တိုက်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်နေသည့် လေးလက်မ၊ တွင်းတူးအနက် ပေ ၄၀၀ ရှိ စက်ရေတွင်းနှင့် ရေတင်စက်ရုံမှ ဒေသနေ အိမ်ထောင်စု ၁၃၄ စုမှ လူဦးရေ ၇၄၇ ဦးတို့အတွက် သောက်သုံးရေ အကျိုးပြုနိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

**ရေလှောင်ကန်လွှဲပြောင်းပေးအပ်**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် သစ်ကြီးတောကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စေတနာမျှဝေခြင်းအစီအစဉ်ဖြင့် လှူဒါန်းသည့် စက်ရေတွင်း၊ ရေတင်စက်ရုံ၊ ရေစုကန်နှင့် ရေလှောင်ကန် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စေတနာမျှဝေခြင်းအစီအစဉ်ဖြင့် လှူဒါန်းသည့် စက်ရေတွင်းမှာ အချင်းလေးလက်မ၊ တွင်းတူးအနက် ပေ ၇၀၀ ရှိပြီး သစ်ကြီးတောကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာ့လူမှုအကျိုးပြု ပရဟိတ(စံပြ)ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

၂၀၁၉ ခုနှစ်အတွက် မြန်မာ့လူမှုအကျိုးပြုပရဟိတ(စံပြ) ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို Hope Charity Myanmar Foundation က ဦးဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Myanmar Convention Center ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အတွက် ဗေဒါလမ်း သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာပြည်အတွက် တစ်သက်တာ အကျိုးပြုမှုများကို အနုပညာရှင်များက ဂုဏ်ပြုချီးကျူးစကား ပြောကြားကြသည်။

ထို့နောက် Hope Charity Foundation ၏ ၂၀၁၉ ခုနှစ်အတွက် မြန်မာ့လူမှုအကျိုးပြု ပရဟိတ(စံပြ) ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သည့် အမှာစကားသဝဏ်လွှာ ရုပ်သံဖိုင်ကို ထုတ်လွှင့်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများက တစ်သက်တာ မြန်မာ့လူမှုအကျိုးပြု ပရဟိတ(စံပြ)ဆုကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းထံ ပေးအပ်ရာ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုအခမ်းအနားတွင် Hope Charity Myanmar Foundation ၏ လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများ အောင်မြင်မှုကိုမြင်တွေ့ရပြီး အနုပညာနှင့် ပရဟိတ ပေါင်းစပ်ဆောင်ရွက်မှုဟု မှတ်ယူပါကြောင်း၊ အနုပညာသည် လူတို့၏နှလုံးသားကို နူးညံ့ပျော့ပျောင်းစေ၍ ကောင်းသောပုံဖော်မှုကို ပြုနိုင်ပါကြောင်း၊ ပရဟိတသည် လိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပိုမိုအောင်မြင်သော လူ့အသိုင်းအဝိုင်းကို ဖြစ်ပေါ်စေကာ အများအကျိုးပြုသည့် လုပ်ငန်းဖြစ်ကြောင်း၊ Hope Charity Myanmar Foundation သည် နိုင်ငံ၏ အနာဂတ်အတွက် မေတ္တာအပြည့်ဖြင့် အကောင်းဆုံးမျှော်လင့်ချက်ထားရှိရာ ကိုယ်ကျိုးမဖက် ကိုယ်ချင်းစာနာစိတ်များဖြင့် ပရဟိတလုပ်ငန်း ဆောင်ရွက်သောအဖွဲ့ဖြစ်သဖြင့် အနုပညာနှင့် ပေါင်းစပ်သောကြောင့် ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် လူမှုဒုက္ခခံစားနေရသူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝဘေးနှင့် လူ့ကြောင့်ဖြစ်သော ဘေးအန္တရာယ် ရင်ဆိုင်နေရသူများကို ကယ်ဆယ်ထောက်ပံ့ခြင်းနှင့် ဒုက္ခများခံစားနေရသူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် အားလုံးသာတူညီမျှခံစားရရှိရေး ရည်မှန်းကြိုးစားကာ မေတ္တာ၊ စေတနာ၊ ကိုယ်ချင်းစာနာမှုများဖြင့် ဆောင်ရွက်ရသောကြောင့် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းသည်လည်း ပရဟိတလုပ်ငန်းပင်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး တန်းတူညီမျှခံစားရရှိစေရန်မှာ အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း။

Hope Charity Myanmar Foundation သည် ပြည်သူထဲက အဖွဲ့အစည်းတစ်ခုဖြစ်၍ ပြည်သူ့အကျိုးအတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ မြန်မာ့လူမှုအကျိုးပြု ပရဟိတ(စံပြ) ထူးချွန်ဆုပေးအပ်ပွဲသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

Foundation သည် လူမှုအကျိုးပြုလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ခဲ့ပြီး ရှေ့ဆက်ကာ မျှော်လင့်ချက်ထားရှိ ဆောင်ရွက်မည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် အခြားလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရှေ့လုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Hope Charity Myanmar Foundation ဥက္ကဋ္ဌ ဦးချစ်ထိုက်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ၂၀၁၉ ခုနှစ်အတွက် မြန်မာ့လူမှုအကျိုးပြု ပရဟိတ (စံပြ) ထူးချွန်ဆုရရှိကြသူ ၁၀ ဦး၊ တိုင်းဒေသကြီးဝန်ကြီးများက ၂၀၁၉ ခုနှစ်အတွက် မြန်မာ့လူမှုအကျိုးပြုအထူးဆုရရှိကြသူများနှင့် ပရဟိတသံတမန်ဆု ရရှိကြသူများ၊ အခမ်းအနားဖြစ်မြောက်ရေး ကူညီပေးကြသူများနှင့် မြန်မာပရဟိတ သက်မွေးပညာသင်တန်းကျောင်းအတွက် လှူဒါန်းကြသည့် အလှူရှင်များကို ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

မတ် ၄ ရက်အထိ ကျင်းပခြင်းဖြစ်သည်။

အဆိုပါပွဲတော် ပြုလုပ်ရခြင်းသည် COVID -19 ဗိုင်းရပ်စ်ကြောင့် လက်ရှိကြုံတွေ့နေရသည့် စိုက်ပျိုးတောင်သူများ၏ အခက်အခဲများကို ဖြေလျှော့စေရန်နှင့် ခွန်အားဖြည့်မြှင့်တင်ပေးခြင်း၊ နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဆိုင်ခန်းပေါင်း ၇၀ ကျော် ခင်းကျင်းပြသ**

မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက "ကျွန်တော်တို့ ဖရဲနဲ့ သခွားမွှေး စိုက်ပျိုးတောင်သူတွေအနေနဲ့ တင်ပို့ရောင်းချနေတာ တရုတ်နိုင်ငံဟာ အဓိကပို့ကုန်ဖြစ်ပါတယ်။ ယခင် ကားအစီးရေ ၁၀၀၀ နီးပါးရှိပေမယ့် ယခု ၂၀၂၀ ပြည့်နှစ် ၁၁ လပိုင်းကစပြီး အစီးရေ ၁၀၀ လောက်ပဲရှိတော့တယ်။ တင်ပို့ရောင်းချရတဲ့တန်ချိန် တော်တော်လေးကို ကွာသွားပါတယ်။ တောင်သူတွေအနေနဲ့လည်း ကားလမ်းတွေပိတ်တာတွေကြောင့် အခက်အခဲဖြစ်သွားပါတယ်။ ဖွင့်တော့လည်း မသွားရဲကြဘူး။ ဒါကြောင့် ဖရဲ၊ သခွားမွှေး ဈေးရောင်းပွဲတော်ကို ဆိုင်ခန်းပေါင်း ၇၀ ကျော်နဲ့ ခင်းကျင်းပြသဖြစ်တာပါ။

ဒီပွဲမှာ အသင့်စားသုံးနိုင်တဲ့ ဖရဲ၊ သခွားမွှေးအခြောက်ကပ်၊ စည်သွတ်ဘူး၊ ဖျော်ရည် ဓာတ်စာထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ သစ်သီးဝလံ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူတွေအသင်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ရောင်းချပေးတဲ့ အခြားဓာတုကင်းလွတ် ဩဂဲနစ်သီးနှံဆိုင်ခန်းတွေလည်း ပါဝင်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)၊ ဓာတ်ပုံ- မျိုးကြီး**

## တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူ ကျန်းမာရေး ပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရွယ်ဆင့်တူ ကျန်းမာရေးပညာပေး အစီအစဉ် စတင်ဆောင်ရွက်ခြင်းအခမ်းအနားကို ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မတ်လ ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီမှ သိရသည်။

ဂျိုင်းလော

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ( ၂၆ ) ရက်
၂၀၁၉-၂၀၂၀ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်းကြေညာအပ်ပါသည်-

*ယမန်နေ့မှအဆက်*

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ အဋ္ဌမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၁ | မိလင်းလက်အိမ် | အထက(၈) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၂ | မရွှေအိမ်လင်း | အထက-ချောင်းဆုံ | ချောင်းဆုံ | မော်လမြိုင် |
| ၁၀၃ | မောင်ချမ်းအေးခန့် | အထက-ပေါက်တော | ပေါက်တော | စစ်တွေ |
| ၁၀၄ | မထက်ထက်အောင် | အထက(၉)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဖြိုးသိန်း | ထ-ဒုက္ကန်ချောင်း | ကျောက်တော် | မြောက်ဦး |
| ၁၀၆ | မနန္ဒာအေး | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်ပြည့်ဖြိုးရွှေသိန်း | အထက(၂)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၈ | မအေးအေးသွယ် | အထက(၂)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၉ | မောင်အောင်ခန့်ပိုင် | အထက - ပုလုပ်တောင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၁၁၀ | မမေမြင့်မိုး | အထက(ခွဲ) ဈေးတန်း | မာန်အောင် | ကျောက်ဖြူ |
| ၁၁၁ | မောင်လှမော်အောင် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၂ | မနှင်းရွှေရည် | အထက(ခွဲ)မြို့မ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်မင်းသိန်းကျော် | အထက(၅) | ဖိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၄ | မောင်သူရစွမ်းထက် | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၅ | မောင်ကောင်းထက်နောင် | အထက(၁) | မြောက်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မသင်းသီရိသူ | အထက(၁) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၇ | မဝတ်ရည်သော် | အထက(၃) | မင်္ဂလာတောင်ညွန့် | အရှေ့ပိုင်း |
| ၁၁၈ | မခိုင်ဝတ်ရည်ဦး | အထက(၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၉ | မောင်အောင်ကောင်းပြည့် | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်အောင်ထူးဟန် | အထက (၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မအေးချမ်းပွင့်ဖြူ | အထက (၂) | ဗဟန်း | အနောက်ပိုင်း |
| ၁၂၂ | မအင်ကြင်းအောင် | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၃ | မောင်ဘုန်းသင်္ဂကျော် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၄ | မောင်မျိုးပိုင်ဇော် | အထက(၂) | ခရမ်း | တောင်ပိုင်း |
| ၁၂၅ | မချစ်မြတ်နိုးဦး | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မခင်ချောစု | အထက(၂) | သုံးခွ | တောင်ပိုင်း |
| ၁၂၇ | မောင်ဟိန်းနိုင်ဇင် | အထက(၂) | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ခန့်ဇေသူ | အထက(၁) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၉ | မဖူးပွင့်အိ | မဟော်သဓာ(ကပက) | လှည်းကူး | မြောက်ပိုင်း |
| ၁၃၀ | မဆုရတနာ | ဘဝသစ်(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ နဝမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၈ | မရွှန်းလဲ့အောင်ဖြိုး | အထက(၁)ကျိုက်ထို | ကျိုက်ထို | သထုံ |
| ၉၉ | မောင်ထူးမြတ်နိုင် | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၁၀၀ | မောင်တည်တံ့ | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၁ | မခွါညိုဇော် | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၁၀၂ | မစန်းပွင့်ဦး | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၃ | မောင်ပြည့်ဖြိုးဟိန်း | အထက-ပုဏ္ဏားကျွန်း | ပုဏ္ဏားကျွန်း | စစ်တွေ |
| ၁၀၄ | မပန်းအိထွန်း | အထက(၉) စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်အောင်မြတ်စိုး | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၆ | မသွယ်ဖြိုးထက် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်ဆန်းလွင်ထူး | အထက(၂)မောင်တော | မောင်တော | မောင်တော |
| ၁၀၈ | မထက်စုမွန် | အထက(ခွဲ)အလက(၂) | ဘူးသီးတောင် | မောင်တော |
| ၁၀၉ | မောင်ဖြိုးထက်သော် | အထက(ခွဲ)အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မမဥ္ဇူဖွေး | အထက(ခွဲ)အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၁ | မောင်တင်ကျော်ဝင်း | အထက( ခွဲ ) မြို့မ | သံတွဲ | သံတွဲ |
| ၁၁၂ | မနှင်းသန့်ဖြူ | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၃ | မောင်မြတ်မင်းသန့် | အထက-သုဝဏ္ဏ | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ထူးမြတ်မောင် | အထက(၃) | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၅ | မောင်မင်းဟိန်း | အထက(၂) | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၆ | မနန္ဒာကြည်ဖြူလင်း | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၇ | မမေသက်ပန် | အထက(၅) | ဖိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၈ | မဆုရတီထက် | မော်ကွန်း(ကပက) | ဒဂုံအရှေ့ | အရှေ့ပိုင်း |
| ၁၁၉ | မောင်သာလင်းထက် | ကောင်းထက်ကျော်(ကပက) | ဗဟန်း | အနောက်ပိုင်း |
| ၁၂၀ | မောင်ဉာဏ်လင်းထက် | အထက(၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၁ | မဖူးပွင့်သော် | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၂ | မမြတ်သုနဒီ | အထက (၂) | စမ်းချောင်း | အနောက်ပိုင်း |
| ၁၂၃ | မောင်စိုးဝင်းနိုင် | အထက(၂) | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်ဇော်ပိုင်ထက် | အထက(၂) | သန်လျင် | တောင်ပိုင်း |
| ၁၂၅ | မဆုလာဘ်ထာ | အထက-နတ်စင်ကုန်း | ကော့မှူး | တောင်ပိုင်း |

(ဆက်လက်ဖော်ပြပါမည်)

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ ဒသမတန်းလူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၈ | မလှယမင်းသူ | အထက-ပေါင် | ပေါင် | သထုံ |
| ၉၉ | မောင်လျှမ်းထက်နိုင် | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၀ | မောင်မင်းသုမွန် | အထက(၁)မုဒုံ | မုဒုံ | မော်လမြိုင် |
| ၁၀၁ | မရွှေရည်ဖူး | ပါရမီ(ကပက) | မော်လမြိုင် | မော်လမြိုင် |
| ၁၀၂ | မသော်ဝေနှင်း | အထက(၁)သံဖြူဇရပ် | သံဖြူဇရပ် | မော်လမြိုင် |
| ၁၀၃ | မောင်သန်းထွန်းစိုး | အထက(၉)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၄ | မခိုင်ချိုငြိမ်းငြိမ်းထွန်း | အထက(၉)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်ဟိန်းထွန်းဇော် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၆ | မဖြိုးဖြိုးစံ | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်စိုးဝင်း | အထက(၂)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၈ | မလင်းမြတ်မိုး | အထက(၁)ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၉ | မောင်ဆန်းထူးလွင် | အထက - ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၁၁၀ | မငြိမ်းငြိမ်းယုလှိုင် | အထက - ဇရပ်ပြင် | ရမ်းဗြဲ | ကျောက်ဖြူ |
| ၁၁၁ | မောင်ဇေယျာလင်းထွန်း | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မအိအိလှိုင် | အထက(၁)သံတွဲ | သံတွဲ | သံတွဲ |
| ၁၁၃ | မောင်ရဲသုလှိုင် | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်ဥက္ကာဟန် | အထက(၅) | ဖိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၅ | မောင်ဇင်မိုးမြင့် | အထက(၆) | ဒဂုံတောင် | အရှေ့ပိုင်း |
| ၁၁၆ | မဆုလှိုင်လှိုင်ထွန်း | အထက(၅) | ဖိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၇ | မခိုင်ယဉ်မင်းသန့် | အထက(၂) | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၈ | မဆက်မီမီပိုင် | အထက(၄) | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၉ | မောင်ခန့်ညားနန္ဒ | လေ့ကျင့်ရေးအထက်တန်းကျောင်း | ကမာရွတ် | အနောက်ပိုင်း |
| ၁၂၀ | မောင်ကောင်းထက်မျိုးတင့် | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၁ | မအင်ကြင်းဖြူ | Great Light(ကပက) | မရမ်းကုန်း | အနောက်ပိုင်း |
| ၁၂၂ | မခိုင်သက်ဆုမိုး | အထက(၁) | ဒဂုံ | အနောက်ပိုင်း |
| ၁၂၃ | မောင်ဝင်းခန့်မောင်မောင် | အထက(၂) | ကျောက်တန်း | တောင်ပိုင်း |
| ၁၂၄ | မောင်ဥက္ကာဖြိုး | အထက(၄) | သန်လျင် | တောင်ပိုင်း |

(ဆက်လက်ဖော်ပြပါမည်)

# “တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီး တွေ့ဆုံစကားဝိုင်းကျင်းပ

“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကို အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ်ဒေါ်ခင်စောဥမ္မာ၊ သက်ကြီး ကင်းထောက်ကြီး ဒေါက်တာဒေါ်ဝင်းကြည်၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်လှရီရီနှင့် သက်ကြီးကင်းထောက်ကြီး ဒေါ်ရီရီတင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။

တာရာ၊ ကေကေ

**အစီအစဉ်မှူး။** ။ **ဒီနေ့ စကားဝိုင်းရဲ့ အမည်ကို “တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” ဆိုပြီး ပေးထားပါတယ်။ ဒီအမည်လေးနဲ့ ဆွေးနွေးရတဲ့အကြောင်းကို အရင်ဆုံးပြောပြပေးပါရှင့်။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ မြန်မာနိုင်ငံက ပြည်သူအများစုက ကင်းထောက်ဆိုတာဘာလဲ၊ ကင်းထောက်တွေက ဘာလုပ်နေတာလဲ ဆိုတာကိုလည်း မေးကြပါတယ်။ ပြီးတော့ တိုင်းပြည်ကို ဘယ်လိုအကျိုးပြုနေကြသလဲ ဆိုတာကို မေးကြတဲ့အတွက် ကျွန်မတို့ ဒီနေ့ ဒီခေါင်းစဉ်နဲ့ ဆွေးနွေးခြင်းဖြစ်ပါတယ်။

ကင်းထောက်ဆိုတာ ဘာလဲဆိုတာကို တစ်ခွန်းတည်းနဲ့ ဖြေလို့မရပါဘူး။ ကင်းထောက်ဆိုတာ သူတစ်ပါးကို ကူညီတတ်တဲ့သူဖြစ်ရမယ်။ သူတစ်ပါးကို ကူညီဖို့အတွက် အမြဲအဆင်သင့် ရှိနေရမယ်။ တိုင်းပြည်နဲ့ ပြည်သူကို အကျိုးပြုတဲ့သူ ဖြစ်ရမယ်။ စိတ်ချယုံကြည်ရတဲ့သူ၊ သစ္စာရှိတဲ့သူ ဖြစ်ရမယ်။ လူမျိုးအယူဝါဒ အဆင့်အတန်း မရွေးဘဲ လူသားအချင်းချင်း ချစ်ခင်တတ်သူ ဖြစ်ရမယ်။ ယဉ်ကျေးသိမ်မွေ့သနားကြင်နာတတ်တဲ့သူ၊ အမိန့်နာခံတတ်သူ ဖြစ်ရမယ်။ အကျင့်စာရိတ္တကောင်းပြီး မျိုးချစ်စိတ်ဓာတ်စွမ်းရည်သတ္တိရှိတဲ့သူဖြစ်ရမယ်။ လူကြီး သူမကို ရိုသေကိုင်းရှိုင်းတဲ့ အလေ့အထရှိတဲ့သူ ဖြစ်ရပါမယ်။ အဓိကအားဖြင့် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး သန့်စင်တဲ့သူဖြစ်ရပါမယ်။ ဒါတွေက ကင်းထောက်တွေပါလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဒီအချက်တွေက ကျွန်မတို့ရဲ့ ၃၈ ဖြာ မင်္ဂလာတရားတော်နဲ့လည်း ညီတယ်။ ဘာသာမရွေး၊ လူမျိုးမရွေး ခွဲခြားဆက်ဆံမှု ကင်းရမယ်ဆိုတာလည်း ပါပါတယ်။ ဒါတွေက မှတ်သားရပါတယ်။ နောက်ထပ် ထပ်ပြီးတော့ ဆရာမအနေနဲ့ ဘယ်သူတွေက ကင်းထောက်ဖြစ်ခွင့်ရှိသလဲဆိုတာကို ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်ခင်စောဥမ္မာ။** ။ မည်သူမဆို ကင်းထောက်ဖြစ်နိုင်ပါတယ်။ လူမျိုးမရွေး ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ ဆင်းရဲချမ်းသာမရွေး မိမိစိတ်ဆန္ဒရှိတယ်ဆိုရင် လူတန်းစားမရွေး ကင်းထောက်ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ အမျိုးသမီးကင်းထောက်အနေနဲ့ ပြောမယ်ဆိုရင် စဖွဲ့တဲ့ အချိန်မှာ အမ ဒေါ်တင်လှကြည်နဲ့ ကျွန်မပူးပေါင်းပြီး ကလေးတွေကို အခြေခံကျောင်းတွေကနေစပြီး ကင်းထောက်အဖွဲ့ဖွဲ့ပေးခဲ့ပါတယ်။ အဲဒီကနေ တက္ကသိုလ်မှာ ဖွဲ့ပေးပါတယ်။ ခုနောက်ပိုင်းမှာဆိုရင် လူထုထဲမှာ၊ ဆရာဝန်ပါပါတယ်၊ ရှေ့နေပါ ပါတယ်၊ ကုန်သည်ပါပါတယ်၊ ကျောင်းဆရာ ဆရာမကြီးတွေ၊ ပင်စင်စားတွေ၊ အိမ်ရှင်မတွေ၊ မိခင်တွေ ပါပါတယ်။ အားလုံးပါပါတယ်။ ကျွန်မတို့ ကင်းထောက်အဖွဲ့ကို အားလုံးဝင်လို့ ရပါတယ်။ စိတ်ဆန္ဒရှိပြီး ဝင်လာတဲ့အတွက် ကျွန်မတို့ နိုင်ငံအတွက် အားတစ်ခုပါပဲ။

**အစီအစဉ်မှူး။** ။ **အမျိုးသမီးကင်းထောက်အဖွဲ့ဝင်ဖြစ်ဖို့ လျှောက်လွှာတင်ဖို့လိုပါသလား။ ဘယ်လိုအဖွဲ့ဝင်အဖြစ် ဝင်ရတယ်ဆိုတာ ပြောပြပေးပါ။**

**ဒေါ်ခင်စောဥမ္မာ။** ။ လျှောက်လွှာ တင်စရာ မလိုပါဘူး။ ကျွန်မတို့ အခြေခံသင်တန်းကို အောင်မြင်ပြီးရင် ကင်းထောက်ဖြစ်နိုင်ပါတယ်။ အခြေခံသင်တန်းဆိုတာတက်ပြီး သင်တန်းဆင်းတဲ့နေ့မှာ ကတိသုံးပါးကို ရွတ်ဆိုရပါတယ်။ အဲဒီကတိသုံးပါးကို ရွတ်ဆိုပြီးတဲ့အခါ အမျိုးသမီးကင်းထောက် Badge လေးတွေကို တပ်ဆင်ခွင့်ရသွားပါပြီ။ ဒီ Badge လေးဟာ အင်မတန်မှ ထူးခြားပါတယ်။ ဒီ Badge မှာ ပါဝင်တဲ့ ပွင့်ဖတ်သုံးခုဟာ ကတိသုံးပါးကို ဖော်ညွှန်းပါတယ်။ သူ့အပေါ်မှာ ရှိတဲ့ အစက် ၁၀ စက်က ကျင့်ဝတ် ၁၀ ပါးကို ဖော်ညွှန်းပါတယ်။ အရုပ်လေးက ကဒေါင်းလေးပါ။ ကဒေါင်းလေးက ကျွန်မတို့ မြန်မာအမျိုးသမီးတွေက လှပတယ်၊ ပျော်ရွှင်တတ်ပြီး ယဉ်ကျေးသိမ်မွေ့တယ်ဆိုတာကို ပြောချင်တာပါ။ အစိမ်းရောင်က တိုးတက်မှုကို ပြပါတယ်။ အပြာရောင်က ငြိမ်းချမ်းမှုကို ဖော်ပြပါတယ်။ ဒါကြောင့် ကျွန်မတို့ ယူနီဖောင်းက အင်္ကျီအဖြူ၊ လုံချည်အပြာနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ အမျိုးသမီးထု ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **ဆရာမရဲ့ ပြောပြချက်အရ ကင်းထောက် အမျိုးသမီးအဖွဲ့ဝင်ဖြစ်ဖို့အတွက် အခြေခံသင်တန်း သင်ကြားရတယ်လို့ သိရပါတယ်။ ဒီအခြေခံသင်တန်းမှာ ဘာတွေသင်ကြားရတယ်ဆိုတာ သိပါရစေ။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ ကင်းထောက်အဖွဲ့ဝင်ဖြစ်ဖို့ အခြေခံသင်တန်းတက်ရပါတယ်။ သင်တန်းမှာ အခြေခံအားဖြင့် ဘာတွေသင်ရသလဲဆိုတော့ ကင်းထောက်သမိုင်းကြောင်း၊ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီး သမိုင်းကြောင်း၊ ကတိသစ္စာ သုံးချက်၊ ကျင့်ဝတ် ၁၀ ချက် ဒါကတော့ သိကိုသိရအောင် သင်ရပါတယ်။ ပြီးတော့ ကင်းထောက် အစဉ်အသင့် ဆိုတဲ့ ဆောင်ပုဒ်အကြောင်း သိရပါတယ်။ ကင်းထောက်ရဲ့ ကြွေးကြော်သံလည်း ရှိပါတယ်။ ကင်းထောက်ရဲ့ ကြွေးကြော်သံက ကောင်းမှုတစ်ခု နေ့စဉ်ပြု။ နေ့တိုင်းကောင်းမှု တစ်ခုပြုလုပ်ရမှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ တံဆိပ်ညွှန်းချက်ကလေးတွေကိုလည်း သိရပါတယ်။ အလေးပြုနည်းလည်း သိရပါတယ်။ ကျွန်မတို့ အလေးပြုတာ သူများတွေနဲ့ မတူပါဘူး။ ကင်းထောက်အမျိုးသမီးတွေက ဘယ်လိုအလေးပြုတယ်ဆိုတာလည်း သိရပါတယ်။ ကင်းထောက်နှုတ်ဆက်တာလည်း ရှိပါတယ်၊ ကင်းထောက်နှုတ်ဆက်တာက ဘယ်လက်နဲ့ နှုတ်ဆက်ပါတယ်။ ကင်းထောက် အမျိုးသမီးအလံအကြောင်း သိရပါတယ်။ ကြိုးချည်နည်းအကြောင်း သိရပါတယ်။ ကင်းထောက်မှာ sign တွေ၊ signal တွေ ရှိပါတယ်။ ကင်းထောက်တွေက အများအားဖြင့် ကျန်းမာဖို့၊ စည်းလုံးညီညွတ်ဖို့၊ အကျင့်စာရိတ္တကောင်းဖို့ ကစားနည်းမျိုးစုံသင်ရပါတယ်။ ကစားနည်းတွေကလည်း လူတွေကို ပြုပြင်ပေးပါတယ်။ နောက်ပြီးတော့ သီချင်းတွေပါ။ ကင်းထောက်သီချင်းတွေ ဆိုရပါတယ်။ တဲထိုးနည်း၊ မီးပုံပွဲ ဒါတွေလည်း တစ်ခါတလေ Camp သွားတဲ့အခါ သင်ရပါတယ်။ စခန်းချ လှေ့လာတဲ့နည်းလို့ ခေါ်ပါတယ်။ အားလုံး ဒါတွေတတ်မှသာ သင်တန်းဆင်းရင် Promise Badge ရင်ထိုးလေးကို အပ်နှံပြီးတော့ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ရဲ့ အဖွဲ့ဝင် ဖြစ်သွားပြီလို့ ပြောလို့ရပါတယ်။ ဒါတွေ အားလုံးလုပ်မှ ကင်းထောက်အမျိုးသမီး ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ **မြန်မာနိုင်ငံမှာ ကင်းထောက် အမျိုးသမီးဆိုတာ ဘယ်အချိန်ကစပြီး ရှိခဲ့တာလဲဆိုတာ ဆက်ပြီး ပြောပြပေးပါဦး။**

**ဒေါက်တာဒေါ်ဝင်းကြည်။** ။ အမျိုးသမီး ကင်းထောက်တွေ လှုပ်ရှားမှုဟာ တကယ့်တကယ်တော့ စစ်မဖြစ်ခင် ၁၉၁၆ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ အဲဒီတော့ ခုချိန်မှာဆိုရင် ၁၀၄ နှစ်လောက်ရှိခဲ့ပါပြီ။ ကာလကို သုံးခု ခွဲလို့ရပါတယ်။ ပထမဆုံး ၁၉၁၆ ခုနှစ်ကနေပြီးတော့ ၁၉၆၄ ခုနှစ်၊ ၁၉၆၄ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်၊ ၂၀၁၂ ခုနှစ်ကနေ အခု ၂၀၂၀ အထိ ရှိနေပါပြီ။ အခု ဒီမှာရှိနေတဲ့ အမျိုးသမီး ငါးဦးလုံးကတော့ ကင်းထောက် အမျိုးသမီးကြီးများပေါ့။ ကျွန်မတို့ ၁၉၅၀ ပြည့်နှစ်၊ ၁၉၆၀ ပြည့်နှစ်လောက်က စပြီး ကင်းထောက်ဖြစ်ကြတဲ့သူတွေပါ။

**အစီအစဉ်မှူး။** ။ **ဆရာမတို့က ကင်းထောက် အမျိုးသမီးကြီးတွေ ဖြစ်တဲ့အတွက် တစ်ဦးချင်းစီမှာလည်း ကင်းထောက်လှုပ်ရှားမှုတွေ ရှိနေဦးမှာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ကြုံတွေ့ရတဲ့ အတွေ့အကြုံလေးကိုလည်း ဝေမျှပေးပါဦး။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ ၁၉၅၇ ခုနှစ်ကနေ ၁၉၆၄ ခုနှစ်အထိ ပထမကာလမှာ ကျွန်မ ကင်းထောက်ဖြစ်ခဲ့တယ်။ ကျွန်မ အဲဒီအချိန်က ကျောင်းတက်တာက ဒဂုံ (၁)ပါ။ ဒါပေမယ့် ကင်းထောက်ဖြစ်ခဲ့တာက ဌာနချုပ် ကင်းထောက်အမျိုးသမီးအဖွဲ့မှာ ကင်းထောက်ဖြစ်ခဲ့တာပါ။ ကျွန်မက အဲဒီမှာ နေကြာပန်းနဲ့ မြတ်လေးပန်းဆိုပြီး ပန်းနာမည်နဲ့ ကင်းစု နှစ်ခုရှိခဲ့ပါတယ်။ ကျွန်မက မြတ်လေးပန်းကင်းစုကပါ။ ကျွန်မတို့ရဲ့ ခေါင်းဆောင်က ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီကတည်းက သူနဲ့ ကျွန်မက သူငယ်ချင်းလည်း ဖြစ်တယ်၊ ကင်းထောက်ညီအစ်မတွေလည်း ဖြစ်ပါတယ်။ သူက အရင်တုန်းကတော့ ကျွန်မတို့ရဲ့ Patrol Leader ခေါ်တာပေါ့။ သူ အိန္ဒိယနိုင်ငံ ထွက်သွားတဲ့အခါ ကျွန်မကို သူ့တာဝန် လွှဲခဲ့ပေးပါတယ်။ သူထွက်သွားတဲ့အခါ ကျွန်မက အဲဒီယူနစ်ရဲ့ ခေါင်းဆောင်ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့က အဲဒီအချိန်တုန်းက စနေနေ့တိုင်း ဆုံကြပါတယ်။ ဆုံတဲ့အခါတိုင်း ကင်းထောက်ပညာအကုန်၊ လက်မှုပညာ သင်ရတယ်။ သီချင်း သင်ရတယ်။ ကစားရတယ်။ ကျွန်မတို့ ဆရာမ ဒေါ်ခင်မူဇင်က တော်တော်ကိုတော်ပါတယ်။ အလွန်ပျော်ခဲ့ရပါတယ်။ အဲဒီ ပျော်ရွှင်မှုလေးဟာ ကျွန်မတို့ ၄၈ နှစ် ကင်းထောက်ပညာ ပျောက်သွားပေမယ့် ၂၀၁၂ ခုနှစ်မှာ သမ္မတ ဦးသိန်းစိန်က ကင်းထောက်ကို ပြန်ပြီးအသက်သွင်းတဲ့ အခါ ပျော်ခဲ့ပါတယ်။ ဒီလို ကင်းထောက် ပြန်ပေါ်လာတဲ့အတွက် ပျော်ပါတယ်။ ကျွန်မရဲ့ အတွေ့အကြုံကတော့ အဲဒါပါပဲ။ ပြောစရာ တွေကတော့ အများကြီးရှိပါတယ်။

**ဒေါ်ခင်စောဥမ္မာ** ။ ။ကင်းထောက်တစ်ယောက် အနေနဲ့ ကျွန်မ စိန်မေရီကျောင်းမှာ Blue Bird ကနေ လုပ်တဲ့အခါ ကျွန်မရဲ့ Captain က တီချယ် ဘာဘရာအို ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က ကျောင်းရဲ့ ကင်းထောက်ဖြစ်တဲ့အတွက် ယူနီဖောင်း အင်္ကျီအဖြူ စကတ်နဲ့ necktie နဲ့ ဝတ်ရပါတယ်။ အပတ်စဉ် ကျောင်းမှာ ဆုံရပါတယ်။ ဆုံတဲ့အခါ ကျောင်းရဲ့ လှုပ်ရှားမှုတွေ၊ကင်းထောက်ရဲ့ လှုပ်ရှားမှုတွေ လုပ်ရပါတယ်။ အဲဒီတုန်းကလည်း ကျွန်မတို့ တော်တော်ပျော်ပါတယ်။ ကျွန်မတို့က မိန်းကလေးတွေ ဖြစ်တဲ့အတွက် ကျောင်းမှာ လှုပ်ရှားမှုပဲရှိခဲ့တယ်။ ဒါပေမယ့် အမှတ်တရ အနေနဲ့ မိသားစုမှာ အစ်ကိုနဲ့ မောင်တွေအကြား နမအဖြစ်ရှိပြီးတော့ ယောကျ်ားလေးလို ဆော့တာရှိတဲ့အခါ မိဘတွေက စိတ်ပူပါတယ်။ ကျွန်မက ကင်းထောက်ထဲမှာပါတဲ့အခါ ယဉ်ကျေးသိမ်မွေ့ရမယ်၊ မိဘစကား နားထောင်ရမယ်၊ မိဘကို ကူညီရမယ် စသဖြင့် အဲဒီလိုဟာတွေနဲ့ မိဘရဲ့ ချီးကျူးမှုကို ခံရပါတယ်။ ဒါလေးတွေကလည်း အမှတ်တရပါပဲ။

**အစီအစဉ်မှူး။** ။ **အခုဆွေးနွေးတဲ့အထဲမှာ ဆရာမကြီးက အသက်အကြီးဆုံးလို့ သိရပါတယ်။ ဆရာမကြီးရဲ့ အတွေ့အကြုံကိုလည်း မျှဝေပေးပါဦး။**

**ဒေါက်တာဒေါ်ဝင်းကြည်။** ။စောစောက ကျွန်မပြောခဲ့သလို ၁၉၅၃ ခုနှစ်မှာ ကင်းထောက်အမျိုးသမီးဖြစ်ပြီးတော့ တက္ကသိုလ်သက်ကြီး ကင်းထောက်အဖွဲ့ကို စတင်ခဲ့တယ်။ ကျန်တဲ့ အချိန်မှာ ကျွန်မတို့ အထူးသဖြင့် နွေရာသီ တောစခန်းထွက်ဖို့ မထွက်ခင်လည်း ပြင်ဆင်ရတယ်၊ ထွက်နေတဲ့အချိန်မှာလည်း ကင်းထောက်အမျိုးသမီးငယ်တွေကို ကြည့်ရပါတယ်။ အဲဒီထဲမှာဆိုရင် ဒေါ်တင်လှကြည်၊ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဒေါ်လှရီရီတို့လည်း ပါပါတယ်။ သူတို့တွေက ကျွန်မရဲ့ ကင်းထောက်အမျိုးသမီး ညီမလေးတွေပါပဲ။

**ဒေါက်တာဒေါ်လှရီရီ။** ။ ဒဂုံ (၁)ကျောင်းသူတွေထဲမှာ ခုနကပြောသလို ဒေါ်တင်လှကြည်၊ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ အတန်းသားတွေပါ။ ဒါပေမယ့် ကျွန်မက MEHS Girl Guides ထဲမှာ ပါပါတယ်။ မိန်းကလေး၊ ယောကျ်ားကလေးရှိတဲ့အတွက် Girl Guides နဲ့ Boy Scout ရှိပါတယ်။ အဲဒီမှာ Girl Guides Troop နဲ့ Boy Scout Troop ဆိုပြီး ကင်းစိတ်ခေါ်မလားပဲ။ အဲဒီတုန်းက ကျွန်မ အစ်ကိုက Boy Scout Troop leader ၊ အစ်မက Girl Guides Troop leader ပါ။ အဲဒီမှာ Girl Guides Captain က

*စာမျက်နှာ ၁၃ သို့*



“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကျင်းပစဉ်။
ဓာတ်ပုံ-တင်မောင်လတ်(ကင်းထောက်ကြီး)

“ကင်းထောက်ဆိုတာ သူတစ်ပါးကို ကူညီတတ်တဲ့သူဖြစ်ရမယ်။ သူတစ်ပါးကို ကူညီဖို့အတွက် အမြဲအဆင်သင့်ရှိနေရမယ်။ တိုင်းပြည်နဲ့ ပြည်သူကို အကျိုးပြုတဲ့သူ ဖြစ်ရမယ်။ စိတ်ချယုံကြည်ရတဲ့သူ၊ သစ္စာရှိတဲ့သူ ဖြစ်ရမယ်။ လူမျိုးအယူဝါဒ အဆင့်အတန်းမရွေးဘဲ လူသားအချင်းချင်း ချစ်ခင်တတ်သူဖြစ်ရမယ်။ ယဉ်ကျေးသိမ်မွေ့သနားကြင်နာတတ်တဲ့သူ၊ အမိန့်နာခံတတ်သူ ဖြစ်ရမယ် ”

# ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော် အကြိမ်(၁၁၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ကျောက်တန်း ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်မော်ဝန်းရေလယ်စေတီတော် အကြိမ်(၁၁၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရေလယ်ဘုရားလမ်းပွဲတော် မုခ်ဦး၌ကျင်းပရာ ပွဲတော်ကျင်းပရေးနာယကများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ပွဲတော်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**



အကြိမ်(၁၁၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့ညမှစ၍ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၏ ဓမ္မပူဇာတရားပွဲများ၊ မဟာပဋ္ဌာန်းမြတ်ဒေသနာတော်ကို အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ၊ (တပေါင်းလပြည့်) မတ် ၈ ရက် နံနက်အရုဏ်တွင် စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်ခြင်း၊ ပင့်သံဃာ ၁၈၉ ပါးအား နေ့ဆွမ်း ဆက်ကပ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ညနေ ၆ နာရီမှစ၍ ရေလယ်စေတီတော် စေတီတော်မြတ်အား ဆီမီးမျှောပူဇော်ခြင်းအစရှိသည့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ အစီအစဉ်များဖြင့် စည်ကားစွာ စီစဉ်ထားကြောင်း ကျင်းပရေးကော်မတီအတွင်းရေးမှူး စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှသွင်က ပြောသည်။

**စိုးဝင်း(ကျောက်တန်း)**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး (၁/၂၀၂၀)ကို ယနေ့မွန်းလွဲပိုင်းက နိုဗိုတယ်ဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးသန်းဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားရာတွင် အလုပ်အမှုဆောင်သစ်များ၊ အတွေ့အကြုံရှိပြီးသူများ အနေဖြင့် မြန်မာ့ဘောလုံးလောကတိုးတက်မြင့်မားရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး စည်းလုံးညီညွတ်စွာဖြင့် တာဝန်ယူထားသည့် နေရာအသီးသီးကို အားစိုက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကော်မတီအသီးသီးကိုလည်း ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ရာ မိမိတာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ဦးစီးဆောင်ရွက်ကြမည့် ကော်မတီများကို တင်ပြခဲ့ပြီး အတည်ပြုချက်ရယူ ဖွဲ့စည်းခဲ့သည်။




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ရရှိထားသည့် Football For Schools Program ကို ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် လူငယ်ပြိုင်ပွဲများနှင့် နွေရာသီ အခြေခံဘောလုံးသင်တန်းများကို မြို့နယ်ဘောလုံးအဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်၍ ဒေသအလိုက် ဖွင့်လှစ်ဆောင်ရွက်သွားရန်လည်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် အလုပ်အမှုဆောင်များက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကော်မတီ ၁၂ ခု ဖွဲ့စည်းခဲ့ပြီး မြန်မာ့ဘောလုံးတိုးတက်ရေး အပါအဝင် အခြားလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဖိုးသော်ဇင်၊ ဓာတ်ပုံ- MFF**

◆*ကျောဖုံးမှ*

အသင်းကို အမှတ် ၇၀၀-၆၀၇ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများအပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌများက ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားသမားဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း ဆုချီးမြှင့်ကြသည်။ **(အောက်ပုံ)** **သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



●*ကျောဖုံးမှ*

အားနည်းခဲ့သောကြောင့် ဧရာဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းက မကွေးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် အိမ်ကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အနိုင်ဂိုးများကို ၂၃ မိနစ်တွင် တိုးဆက်နိုင်၊ ၄၉ မိနစ်တွင် ကောင်းထက်ကျော်၊ ၇၆ မိနစ်တွင် ပက်ထရစ်၊ ၈၃ မိနစ်တွင် အောင်ကိုကိုဝင်းတို့က သွင်းယူခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းနှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ Southern အသင်းအတွက် ဦးဆောင်ဂိုးကို မိနစ် ၂၀ တွင် ရန်ကျော်ထွေးက သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ဝင်းနိုင်စိုးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် ရတနာပုံအသင်းနောက်ခံလူ အောင်ဝဏ္ဏစိုးနှင့် Southern တိုက်စစ်မှူး ရန်ကျော်ထွေးတို့ အချင်းများကာ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် ဖွဲကပင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၈) နောက်ဆုံးနေ့ကို မတ် ၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**

❑*ကျောဖုံးမှ*

အခြားပွဲစဉ်များတွင် ဝက်စ်ဟမ်းက ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဘုန်းမောက်နှင့် ချယ်လ်ဆီးတို့ ပွဲမှာ နှစ်ပွဲစီသရေ၊ ဘန်လေနှင့် နယူးကာဆယ်တို့ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့သည်။

**အောင်ဇော်**

*စာမျက်နှာ ၁၂ မှ*

ဒေါ်ဂျက်စီတင်ဦးလို့ ခေါ်ပါတယ်။ Boy Scout Captain က မင်းကျော်မင်း၊ အင်္ဂလိပ်စာတွေ သင်ပါတယ်။ ကြားဖူးကြမှာပါ။ ဦးမင်းကျော်မင်းက Boy Scout Captain ဖြစ်ပါတယ်။ အဲဒီတော့ Girl Guides နဲ့ Boy Scout တွဲပြီး အလုပ်လုပ်ကြတာရှိပါတယ်။ မြို့ထဲမှာ ကင်းထွက်တာလည်း ရှိပါတယ်၊ Camp Fire လည်း ရှိပါတယ်။

အဲဒီတော့ ကျွန်မတို့က အပတ်စဉ် စနေနေ့ဆိုရင် ပုံမှန်အစည်းအဝေးတွေ တက်ရတယ်။ ဌာနချုပ်နဲ့လည်း နီးနီးကပ်ကပ် ဆက်သွယ်ရတယ်။ ဌာနချုပ်က ဦးစီးသွားတဲ့ နွေရာသီသင်တန်းတို့၊ သမ္မတအိမ်တော်တွေ သွားတာမျိုးလည်း ရှိတယ်၊ နိုင်ငံခြားက ဧည့်သည်တွေလာရင် ဆုံကြတာလည်း ရှိတယ်၊ အားလုံး ရင်းရင်းနှီးနှီးပါပဲ။ မမဝင်းကြည်ကတော့ ခုနက ပြောသလို အစ်မကြီးပေါ့၊ အမြဲတမ်း အုပ်ထိန်းသူအဖြစ် ပါခဲ့ပါတယ်။ တော်တော်လည်း ပျော်ခဲ့ပါတယ်။

**ဒေါ်ရီရီတင်။** ။ ကျွန်မကတော့ မြို့မကျောင်းကနေ အမျိုးသမီး ကင်းထောက်အဖွဲ့ဝင်ဖြစ်သွားတယ်။ တခြားအလုပ်တွေလည်း အများကြီးရှိပါတယ်။ အထူးသဖြင့် ဘာသာရေးနဲ့ ပတ်သက်ပြီး ကမ္ဘာအေးလိုဏ်ဂူ တည်ဆောက်တဲ့အထဲမှာ ဝန်ကြီးချုပ် ဦးနုကတော်ကလည်း ခေါ်တော့ အမျိုးသမီးကင်းထောက် အဖွဲ့ဝင်အဖြစ် သွားခဲ့တာရှိပါတယ်။ ခုခေတ်မှ အမှိုက်ကောက်တာမဟုတ်ပါဘူး။ ကျွန်မတို့ ခေတ်ကတည်းက ရွှေတိဂုံဘုရားမှာ ကျောင်းပေါင်းစုံ စုပြီး သန့်ရှင်းရေး လုပ်ကြပါတယ်။ ဟိုခေတ်ကတည်းက အမှိုက်စုပေါင်းရှင်းခဲ့ကြတာပါ။ အဲဒီလို လုပ်နေတဲ့အချိန်မှာ နိုင်ငံခြားသားတစ်ယောက် ရောက်လာပြီးတော့ လက်ညှိုးလေးထိုးပြီး လူရွေးပါတယ်။ အန်တီလည်း ပါသွားတယ်။ ဘာလုပ်လဲဆိုတော့ ကင်းထောက်အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုအတွက်ပါ။ ငါးနိုင်ငံ ကင်းထောက်အမျိုးသမီးလှုပ်ရှားမှုအတွက် ရုပ်ရှင်ရိုက်ပါတယ်၊ ရုပ်ရှင်ရိုက်တဲ့အခါ ရွှေတိဂုံဘုရားမှာ ဆွမ်းကပ်တာ၊ လူမှုဝန်ထမ်းမှာသွားပြီး ကလေးတွေကို ပြုစုစောင့်ရှောက်တာ ဒါတွေ လုပ်ရပါတယ်။ ပြီးရင် Voice of America က အန်တီကို အင်တာဗျူးလုပ်ပါတယ်။

နောက်ပြီး အန်တီက အားကစားလုပ်တဲ့အတွက် ကျောင်းကနေ အလံတင်အခမ်းအနားတွေမှာ အလံတင်အဖွဲ့အတွက် ရွေးပေးခဲ့ပါတယ်။ မြို့မကျောင်းရှေ့မှာ ကမ္ဘာ့သစ်ပင်စိုက်ပွဲလုပ်တဲ့အခါ သစ်ပင်ပါဝင်စိုက်ပျိုးပါတယ်၊ ဒီလို သစ်ပင်စိုက်တဲ့ပုံကို ဓာတ်ပုံရိုက်ပြီး ပြက္ခဒိန်ထုတ်ပါတယ်။

**အစီအစဉ်မှူး။ ။ ရှေးကတည်းက ကင်းထောက် အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုတွေ ရှိခဲ့တယ်ဆိုတာကို ဆရာမကြီးတို့ ပြောပြခဲ့ကြပါတယ်။ ဆက်ပြီးတော့ အမျိုးသမီးကင်းထောက်အဖွဲ့မှာ အမျိုးအစားက ဘယ်လိုမျိုးရှိတယ်ဆိုတာ သိပါရစေ။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ လက်ရှိ မှာ အဖွဲ့ဝင်က သုံးမျိုးရှိပါတယ်။ အသက်နဲ့ ခွဲခြားထားပါတယ်။ အသက် ၇ နှစ်ကနေ ၁၁ နှစ်ကတော့ ငှက်ပြာကင်းထောက်အမျိုးသမီး (Blue Bird) ပါ၊ ဒုတိယအုပ်စုကတော့ အသက် ၁၂ နှစ်ကနေ ၁၈ နှစ် ကင်းထောက်မယ် (Girl Guides) ပါ၊ တတိယအုပ်စုကတော့ အသက် ၁၉ နှစ် အထက်တွေပါ၊ ကျွန်မတို့ အပါအဝင်ပေါ့၊ သက်ကြီးကင်းထောက်(Adult Girl Guides)လို့ ခေါ်ပါတယ်။ အလယ်အုပ်စု ကင်းထောက်မယ်လေးတွေကတော့ အများဆုံးပါ။

**အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံမှာ အမျိုးသမီး ကင်းထောက် အရေအတွက် ဘယ်လောက်ရှိနေသေးလဲ။**

**ဒေါက်တာဒေါ်တင်လှကြည်။** ။ စာရင်း အရဆိုရင်တော့ အခုလက်ရှိ ၄၇၁၁၃ ယောက် ခန့်မှန်းထားပါတယ်။ ဒီအထဲမှာမှ အသက် ၁၉ နှစ်အောက် ကင်းထောက်မယ်လေးတွေက ၃၅၈၅၀ ၊ သက်ကြီး ၁၉ နှစ်အထက်က ၁၁၂၆၃ ယောက်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။

*ဆက်လက်ဖော်ပြပါမည်*

# အမေရိကန်နှင့် တာလီဘန်ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲသို့တက်ရောက်ရန် မိုက်ပွန်ပီအိုကို ထရမ့်စေလွှတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၉**

တာလီဘန်နှင့်အမေရိကန်တို့ ငြိမ်းချမ်းရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကိုစေလွှတ်သွားမည်ဟု ဖေဖော်ဝါရီ ၂၈ ရက်တွင် အမေရိကန်သမ္မတ ထရမ့်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဆိုပါလက်မှတ်ရေးထိုးပွဲသည် အမေရိကန်တပ်များ အာဖဂန် မြေပေါ်မှ ဆုတ်ခွာရေးနှင့် အာဖဂန်တွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးရရှိရန်အတွက် အရေးပါသည့် ခြေလှမ်းလည်း ဖြစ်သည်။ တာလီဘန်နှင့် အမေရိကန်တို့သည် ဖေဖော်ဝါရီ ၂၉ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးသဘောတူညီမှုတွင် အမေရိကန်တပ်များအာဖဂန်မြေပေါ်မှ ရုပ်သိမ်းမည့်အချိန်နှင့် အာဖဂန်အစိုးရနှင့် တာလီဘန်တို့ကြား ဆွေးနွေးမှု ပြုလုပ်ရန်ကတိကဝတ်၊ အကြမ်းဖက်သမားများကို တာလီဘန်များက ကူညီမှုမပြုပါ ဟူသောကတိတို့လည်း ပါဝင်သည်။ အကယ်၍ အဆိုပါ ကတိကဝတ်များကို တာလီဘန်များနှင့် အာဖဂန်အစိုးရတို့က ထိန်းသိမ်းနိုင်လျှင် အာဖဂန်စစ်ပွဲအဆုံးသတ်နိုင်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များလည်း အိမ်ပြန်နိုင်ပြီဟု အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသဘောတူညီမှုအရ အာဖဂန်မြေပေါ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၂၀၀၀ မှ ၁၃၀၀၀ ရှိရာ ရက်ပေါင်း ၁၃၅ ရက်အတွင်း တပ်ဖွဲ့ဝင်အင်အားကို ၈၆၀၀ အထိ လျှော့ချသွားမည်ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အပြည့်အဝ ရုပ်သိမ်းမည့်နေ့ကိုမူ စဉ်းစားဆုံးဖြတ်ဆဲဖြစ်သည်။

တာလီဘန်များဘက်မှလည်း အယ်ကိုင်ဒါများ အပါအဝင်အခြားသော အကြမ်းဖက်အဖွဲ့အစည်းများကို အကူအညီပေးမှုများ ရပ်တန့်ရမည်ဖြစ်သည်။

ဆင်ဟွာ



အမေရိကန်သမ္မတ ထရမ့် အိမ်ဖြူတော်၌ ဖေဖော်ဝါရီ ၂၈ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်။

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ကိုရိုနာဗိုင်းရပ်စ်ကို အထူးစိုးရိမ်ပူပန်နေကြောင်းဖော်ပြ

**ပြုံယမ်း ဖေဖော်ဝါရီ ၂၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုအတွက် စိုးရိမ်ပူပန်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းစာတွင် ဖော်ပြခဲ့သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

အာဏာရအလုပ်သမားပါတီမှ သတင်းစာ ဖြစ်သည့် ရိုဒုံဆင်မန် သတင်းစာတွင် ဖေဖော်ဝါရီ ၂၉ ရက်က ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ကင်ဂျုံအန်းက ပါတီ အစည်းအဝေး တက်ရောက်စဉ် ကိုရိုနာဗိုင်းရပ်စ်သာ မြောက်ကိုရီးယားတွင် ကူးစက်ခံရပါက ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ဟု အရာရှိများကို ပြောကြားခဲ့သည်။ ထို့နောက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း အရာရှိများ ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် မြောက်ကိုရီးယားတွင်လည်း ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်နေကြောင်း သိရသည်။ မြောက်ကိုရီးယားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ မတွေ့ရသေးကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။

သို့သော် မြောက်ကိုရီးယားမှ သတင်းအချက်အလက်များ ကင်းမဲ့မှုအပေါ် ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။ ဖေဖော်ဝါရီ ၂၈ ရက်က ခေါင်းဆောင်ကင်သည် စစ်ရေးလေ့ကျင့်မှုတစ်ခုကို တက်ရောက်ခဲ့ပြီး ယင်းလေ့ကျင့်မှုသို့ ခေါင်းဆောင်ကင်နှင့်အတူ တက်ရောက်ခဲ့ကြသည့် အရာရှိများမှာ နှာခေါင်းစည်းများ တပ်ဆင်ထားကြကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

အန်နိုင်အိတ်ချ်ကေ

# အာဆီယံနိုင်ငံများနှင့် ထိပ်သီးအစည်းအဝေး ကျင်းပရန် အစီအစဉ်ကို အမေရိကန် ရွှေ့ဆိုင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၉**

အမေရိကန်နှင့် အာဆီယံနိုင်ငံများကြား ထိပ်သီးအစည်းအဝေးကို ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေမှုကြောင့် ရွှေ့ဆိုင်းလိုက်ကြောင်း အမေရိကန် အဆင့်မြင့်အရာရှိကြီးတစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောသည်။

အဆိုပါထိပ်သီးအစည်းအဝေးကို မတ်လလယ်တွင်ကျင်းပရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြံညာဏ်ရယူကာ ယခုလိုဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးက ကိုရိုနာဗိုင်းရပ်စ်နှိမ်နင်းရေး လုပ်ဆောင်နေကြသည့်အချိန်တွင် ထိပ်သီးအစည်းအဝေးကျင်းပရန်မှာ မလွယ်ကူကြောင်း အမေရိကန်ဘက်မှ ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အာဆီယံခေါင်းဆောင်များကို အမေရိကန်သို့လာရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် အစောပိုင်းတွင် ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မတ်လလယ်၌ အမေရိကန်နှင့် အာဆီယံတို့ကြား ထိပ်သီးအစည်းအဝေးပြုလုပ်ရန်စဉ်းစားနေသည်ဟု ပြောကြားခဲ့သည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလကလည်း အသစ်ခန့်အပ်ထားသည့် အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ရောဘတ်အိုဘရိုင်ယန်ကို ထိုင်းနိုင်ငံတွင်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန် သမ္မတထရမ့်က စေလွှတ်ခဲ့သည်။ သို့သော် အာဆီယံ ၁၀ နိုင်ငံတွင် သုံးနိုင်ငံသာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အမေရိကန်အပေါ် အာဆီယံအဖွဲ့ကြီး၏ မကျေနပ်မှုများကို ပြသည့်လက္ခဏာဟု ရှုမြင်ကြသည်။

အင်န်အိတ်ချ်ကေ

# တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှု ၂၈၃၅ ဦးအထိရှိလာ

**ပေကျင်း ဖေဖော်ဝါရီ ၂၉**

တရုတ်နိုင်ငံဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၂၈ ရက်တစ်ရက်တည်းတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ စုစုပေါင်း ၄၇ ဦးထက်မနည်းရှိခဲ့ကြောင်းနှင့် ယခုအချိန်အထိ တရုတ်ပြည်မကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် စုစုပေါင်းသေဆုံးသူ ၂၈၃၅ ဦး ရှိလာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

သေဆုံးသူအများစုမှာ ကိုရိုနာဗိုင်းရပ်စ် စတင်ပေါက်ပွားပျံ့နှံ့ရာ ဟူပေပြည်နယ်မှဖြစ်ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်ဖြစ်စဉ်အသစ် ၄၂၇ ခုအပါအဝင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု စုစုပေါင်းဖြစ်စဉ်သည် ၇၉၂၅၁ ခု ရှိပြီဖြစ်ကြောင်း သိရသည်။ ဟူပေပြည်နယ်အပြင်ဘက်တွင် ကိုရိုနာဗိုင်းရပ်စ်အသစ်ထပ်မံကူးစက်ခံရသူ လေးဦးရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ်ကုသမှုများ အရာထင်ခဲ့ကြောင်း၊ အသစ်အသစ်သော ကိုရိုနာဗိုင်းရပ်စ်ကူးစက်သည့်ဖြစ်စဉ်များလည်း ကျဆင်းလာကြောင်းနှင့် လူနာထက်ဝက်နီးနီးမှာ ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက သတင်းထောက်များကို ပြောကြားခဲ့သည်။

ကာကွယ်မှုများကို ပိုမိုထိရောက်အောင်အရှိန်မြှင့်လုပ်ဆောင်နိုင်ရန်လည်း ပေကျင်းအာဏာပိုင်များကနောက်ထပ် အသိပေးလမ်းညွှန်ပြောကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တားမြစ်မှုများသည် ဗိုင်းရပ်စ်ပြန့်ပွားကူးစက်မှုမရှိအောင်ရည်ရွယ်လုပ်ဆောင်ထားကြောင်း သိရသည်။ ကျေးလက်မှအလုပ်သမားများသည် မြို့ကြီးပြကြီးများတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး အခန်းများကိုခွဲဝေနေထိုင်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဆီးရီးယားနိုင်ငံ၌ ကြောက်မက်ဖွယ်တိုက်ခိုက်မှုဖြစ်ပေါ်ပြီးနောက် တူရကီနှင့် ရုရှားတို့အကြား တင်းမာမှုမြင့်တက်

**အန်ကာရာ ဖေဖော်ဝါရီ ၂၉**

ဆီးရီးယားနိုင်ငံတွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင် ၃၃ ဦး သေဆုံးပြီးနောက်တွင် ရုရှားနှင့် တူရကီခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၂၈ ရက်က ခက်ခက်ခဲခဲ ဆွေးနွေးမှုများပြုလုပ်ခဲ့ရသည်။

တူရကီသည် ဥရောပသို့လိုမ့်ဝင်လာမည့်ဒုက္ခသည်များကို တားဆီးပေးတော့မည်မဟုတ်ဟုလည်း ဥရောပခေါင်းဆောင်များကို ခြိမ်းခြောက်ထားခဲ့သည်။ ရုရှားမှ ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယားအစိုးရတပ်များက ဆီးရီးယားသူပုန်များ ခြေကုပ်ယူထားရာ ဒေသကို ထိုးစစ်ဆင်မှုကို ရပ်တန့်ပေးရန် အမေရိကန်နှင့် ကုလသမဂ္ဂက တိုက်တွန်းထားသည်။

ရှစ်နှစ်ကြာ ပြည်တွင်းစစ်ပွဲအတွင်း အရပ်သားများ ထိခိုက်မှုအပေါ် စိုးရိမ်မှုများမြင့်တက်လာသည်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အီဒလစ်ဒေသတွင် ဖေဖော်ဝါရီ ၂၇ ရက်က လေကြောင်းမှတိုက်ခိုက်မှုများကြောင့် တူရကီတပ်ဖွဲ့ဝင် ၃၃ ဦး သေဆုံးခဲ့ရသည်။ တူရကီတပ်ဖွဲ့အတွက် ယခုနှစ်အတွင်း အကြီးမားဆုံးသောဆုံးရှုံးမှုလည်း ဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်တို့သည် ဖုန်းဖြင့် စကားပြောဆိုကြပြီးနောက် တင်းမာမှုများကို လျှော့ချလိုကြောင်း ပြသခဲ့ကြသည်။ လက်ရှိအခြေအနေနှင့်ပတ်သက်ပြီး နှစ်နိုင်ငံစလုံးက စိုးရိမ်မိကြောင်းကို ရုရှားဘက်မှ ပြောကြားခဲ့သည်။



ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆာရာကက်မြို့တွင် ဈေးဆိုင်တန်းများ ပျက်စီးနေသည်ကို တွေ့ရစဉ်။

ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ရန် အသင့်ရှိသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရို့ဗ်က ပြောကြားခဲ့သည်။ မအောင်မမြင်ဖြစ်ခဲ့ရသည့် ၂၀၁၈ ခုနှစ် အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်နှင့် လိုအပ်သမျှကို လုပ်ဆောင်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

တူရကီသမ္မတ အာဒိုဂန်သည် လာမည့်သီတင်းပတ်တွင် မော်စကိုသို့ သွားရောက်မည်ဟု ပူတင်၏ပြောရေးဆိုခွင့်ရှိသူကပြောသည်။ တူရကီတပ်ဖွဲ့ဝင်များ အသတ်မခံရမီက အာဒိုဂန်သည် ပူတင်နှင့် မတ် ၅ ရက်တွင်တွေ့ဆုံမည်ဟုပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြင်သစ်နှင့်ဂျာမနီတို့မှ ခေါင်းဆောင်များပါ တက်ရောက်မည် ဖြစ်သည်။ အမေရိကန်ဘက်ကလည်း တူရကီတပ်ဖွဲ့ဝင်များ အသတ်ခံရမှုကို ရှုတ်ချခဲ့ပြီး ရုရှားနှင့်ဆီးရီးယားတို့၏ ထိုးစစ်များကို ရပ်နားထားရန် တိုက်တွန်းခဲ့သည်။

အေအက်ဖ်ပီ

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နှင့် ဂျပန်တို့ နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်

**ပေကျင်း ဖေဖော်ဝါရီ ၂၉**

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ယမန်နေ့က သဘောတူခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေး ဗျူရိုအဖွဲ့ဝင်နှင့် စီပီစီဗဟိုကော်မတီ ပြည်ပရေးရာကော်မရှင်ရုံး ညွှန်ကြားရေးမှူး ယန်ကျဲ့ချီတို့တွေ့ဆုံစဉ် ထိုကဲ့သို့ကတိပြုခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ကိုဗစ် ၁၉ တိုက်ဖျက်ရေးတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီခဲ့ကြပြီး အခက်အခဲများအား အတူတကွ ကျော်လွှားခဲ့ကြောင်း၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု နက်ရှိုင်းလာကြောင်းယန်ကပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ထောက်ခံမှုများကို ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံနှင့်နိုင်ငံစုံပါသော ဆေးပညာနှင့်ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် ထောက်ပံ့မှုများနှင့် ကူညီမှုများ ဆက်လက်ပေးအပ်သွားရန် ဆန္ဒရှိကြောင်း ယန်က ပြောကြားသည်။

ဂျပန်နိုင်ငံသို့ လာရောက်မည့် တရုတ်သမ္မတ ခရီးစဉ်သည် လွန်စွာအရေးပါကြောင်း၊ ဂျပန်နိုင်ငံ၏ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲများကိုလည်း အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ရန် တရုတ်နိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

### ၂၀၂၀ တိုကျိုအိုလံပစ်ကို စီစဉ်ထားသည့် အတိုင်း ပြုလုပ်မည်ဟု ပြောကြား

**တိုကျို ဖေဖော်ဝါရီ ၂၉**

၂၀၂၀ တိုကျိုအိုလံပစ်ကို စီစဉ်ထားသည့်အတိုင်း ပြုလုပ်သွားရန် အိုလံပစ်ကော်မတီက အပြည့်အဝကတိပြုကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)၏ ဥက္ကဋ္ဌက ပြောကြားလိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်အမျိုးအစားသစ်ကူးစက်ပြန့်ပွားမှု များပြားလာနေချိန်တွင် သတင်းထောက်များကို အိုင်အိုစီဥက္ကဋ္ဌက ယခုလို မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

တိုကျိုအိုလံပစ်ကို စီစဉ်ထားသည့်အတိုင်း မဟုတ်ဘဲ တခြားနည်းလမ်းများကို ဆွေးနွေးရန် ၎င်းကငြင်းဆန်ခဲ့ပြီးနောက် ထင်ကြေးတွေ ပိုများလာအောင်လုပ်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အားကစားသမားများနှင့် အသင်းအရာရှိများကို ဘေးကင်းလုံခြုံရေးကို အာမခံနိုင်အောင် ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဂျပန်အစိုးရတို့ အနီးကပ်ပူးပေါင်း လုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဂီနီပြည်သူတွေ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မဲပေးကြမှာလား

*ထွန်းသစ်စ*

ဂီနီနိုင်ငံမှာ လပေါင်းများစွာကြာအောင် မငြိမ်သက်မှုတွေဖြစ်ခဲ့ပြီးနောက် ဂီနီပြည်သူတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို သဘောတူလက်ခံရေးမခံရေးနဲ့ပတ်သက်ပြီး တနင်္ဂနွေနေ့မှာ မဲပေးဖို့တိုက်တွန်းထားပါတယ်။ ဒါဟာ ဂီနီသမ္မတ အယ်လ်ဖာကွန်ဒီရဲ့ အာဏာတည်မြဲရေး လှည့်ကွက်တစ်ခုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အစိုးရကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းမှာ ကျားမတန်းတူညီမှုနဲ့ အသက်မပြည့်ဘဲ လက်ထပ်ထိမ်းမြားခြင်းများကိုတားမြစ်မှု စတဲ့ဥပဒေတွေကို ပေါင်းစုစီစဉ်ထားတယ်လို့ ပြောပါတယ်။

### လိုချင်တဲ့ရလဒ်ကို ရအောင်လုပ်နိုင်

သို့သော်လည်း ဝေဖန်သူတွေက အသက် ၈၁ နှစ်အရွယ်ရှိ လက်ရှိသမ္မတ ကွန်ဒီကို အခုနှစ်နောက်ပိုင်းမှာ နောက်ထပ်တတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွက် ပြန်လည်ဝင်ရောက်အရွေးခံခွင့်ပြုနိုင်ဖို့ သမ္မတသက်တမ်းသတ်မှတ်ချက်ကို ပြန်လည်ပြုပြင်မှာ စိုးရွံ့နေကြပါတယ်။ လတ်တလောမှာ အကြမ်းဖက်မှုတွေနဲ့ တင်းမာမှုတွေရှိနေလင့်ကစား ဆန္ဒမဲပေးမှုကို ပြုလုပ်သွားမှာဖြစ်ပါတယ်။

ဂီနီပြည်သူတွေဟာ အောက်တိုဘာလလယ်လောက်ကတည်းက ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။ ဆန္ဒပြမှုအတွင်းမှာ ဆန္ဒပြသူ အယောက် ၃၀ လောက်သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးလည်းသေဆုံးခဲ့တယ်လို့ အေအက်ဖ်ပီရဲ့ သတင်းဖော်ပြချက်မှာတွေ့ရပါတယ်။

လာမယ့်တနင်္ဂနွေနေ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ မျှမျှတတရှိမှုနှင့်ပတ်သက်ပြီး စိုးရိမ်မှုတွေလည်း မြင့်တက်နေပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပါလီမန်ဆိုင်ရာလူထုသဘောထားစစ်တမ်းကောက်ယူခြင်းနဲ့ပါတွဲဖက်ပြီး ပြုလုပ်မှာဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဟောင်းနဲ့ အတိုက်အခံခေါင်းဆောင် ဆဲလို့ဒါလိန်ဒိုင်လိုက သူလိုချင်တဲ့ရလဒ်ကို သူရနိုင်တယ်လို့ဆိုကာ တရားမဝင်ပြုလုပ်နိုင်ခြေရှိတဲ့အကြောင်း သွယ်ဝိုက်ပြီး သမ္မတကို ပြောကြားခဲ့ပါတယ်။

### ဒီမိုကရေစီနည်းကျဖြစ်

အဓိက အတိုက်အခံပါတီတွေကလည်း တနင်္ဂနွေနေ့မှာ ပူးတွဲပြုလုပ်မယ့် ဆန္ဒခံယူပွဲတွေနဲ့ပတ်သက်ပြီး သပိတ်မှောက်ကြဖို့စီစဉ်နေကြပါတယ်။ အဲဒီလိုမျိုးတွေ မပြုလုပ်ဖို့နဲ့ အဲဒီလိုပြုလုပ်တာတွေကိုတားမြစ်ဖို့ သူတို့က အရင်ကတည်းက သန္နိဋ္ဌာန်ပြုထားကြပါတယ်။ ပင်လယ်ကမ်းခြေမြို့လေးဖြစ်တဲ့ ကိုနာခရီမြို့လေးမှာတော့ ဒီတစ်ပတ်လှုံ့ဆော်တိုက်ပွဲဝင်မယ့် အရိပ်အယောင်တော့ မတွေ့ရသေးပါဘူး။

ကြေညာဆိုင်းဘုတ်တွေပေါ်မှာလည်း တန်းတူညီမှုရှိရေး၊ လူငယ်တွေကို ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပေးရေးစတဲ့ကြွေးကြော်စာတန်းတွေ ရေးထားပေမယ့်လည်း ကားတွေပိတ်ဆို့နေမှုကြောင့် ပြည်သူလူထုတွေ မြင်နိုင်ဖို့ခဲယဉ်းနေပါတယ်။ သင်တို့အနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုတွေကို ကြားသိရမှာမဟုတ်ကြောင်း ကွန်ဒီရဲ့ ဂီနီပြည်သူ့ပါတီ (အာရ်ပီဂျီ) မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆီကိုကွန်ဒီက ပြောကြားလိုက်ပါတယ်။ အစိုးရဝန်ကြီးတွေကလည်း နိုင်ငံတွင်းမှာ စည်းရုံးလှုံ့ဆော်မှုတွေ ပြုလုပ်နေတယ်လို့ သူကပြောပါတယ်။

အရင်ပြင်သစ် ကိုလိုနီဖွဲ့စည်းပုံဥပဒေမှာတော့ သမ္မတသက်တမ်းကို နှစ်နှစ်သာခွင့်ပြုထားကြောင်း ဖော်ပြထားပါတယ်။ သို့သော်လည်း ဆီကိုကွန်ဒီက အသစ်ပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာတော့ သမ္မတသက်တမ်းကို ဆန့်ကျင်ဘက်အနေနဲ့ သုညအထိ ပြန်လည်ပြင်ဆင်သတ်မှတ်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ပြီးတော့လည်း ဂီနီပြည်သူတွေက တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် သမ္မတကို ဆက်လက်ရှိစေချင်တယ်လို့ သူက ဆက်လက်ပြောကြားခဲ့ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ ဒီမိုကရေစီနည်းကျဖြစ်တယ်လို့လည်း သူကပြောပါတယ်။

### တိုင်းပြည်အေးချမ်းဖို့အတွက် မဲပေးမယ်

သမ္မတကွန်ဒီဟာ ၂၀၁၀ ပြည့်နှစ်မှာ ဂီနီရဲ့ ပထမဆုံး ဒီမိုကရေစီနည်းကျ ရွေးကောက်ခံခဲ့ရတဲ့ ခေါင်းဆောင်ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာလည်း ထပ်မံရွေးကောက်ခံရပါတယ်။ အတိုက်အခံနာမည်ကြီးခေါင်းဆောင်များ ဖမ်းဆီးခံရတဲ့ကိစ္စ၊ အတိုက်အခံများသေဆုံးတဲ့ကိစ္စတွေဖြစ်ပေါ်လာပြီးနောက် တက်ကြွလှုပ်ရှားသူများက သူ့ကို အာဏာရှင်ဆန်ဆန်ပုံစံဖြစ်လာတယ်လို့ စွပ်စွဲခဲ့ပါတယ်။



ဂီနီနိုင်ငံတွင် ဆန္ဒပြသူများနှင့် လုံခြုံရေးဝန်ထမ်းများအကြား ဖြစ်ပွားနေသော ပဋိပက္ခမြင်ကွင်းကို တွေ့ရစဉ်။

> "အရင်ပြင်သစ် ကိုလိုနီဖွဲ့စည်းပုံဥပဒေမှာတော့ သမ္မတ သက်တမ်းကို နှစ်နှစ်သာခွင့်ပြုထားကြောင်း ဖော်ပြထားပါတယ်။ သို့သော်လည်း ဆီကိုကွန်ဒီက အသစ်ပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာတော့ သမ္မတသက်တမ်းကို ဆန့်ကျင်ဘက်အနေနဲ့ သုညအထိပြန်လည်ပြင်ဆင် သတ်မှတ်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ပြီးတော့လည်း ဂီနီ ပြည်သူတွေက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာဖို့အတွက် သမ္မတကို ဆက်လက်ရှိစေချင်တယ်လို့ သူက ဆက်လက်ပြောကြားခဲ့ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ ဒီမိုကရေစီနည်းကျဖြစ်တယ်လို့ လည်း သူက ပြောပါတယ်"

သူ့ရဲ့ အာဏာရအစိုးရနဲ့ အတိုက်အခံပါတီ (ဂီနီဒီမိုကရက်တစ်အင်အားစု) များနဲ့ အရပ်ဘက်အတိုက်အခံအုပ်စုများကြားမှာ သံသယတွေ၊ ဒွိဟတွေ အမြစ်တွယ်သလိုပေါက်ဖွားလာပါတယ်။

ဂီနီပြည်သူအများစုဟာ ဆန္ဒမဲပေးမှုကို ဆန့်ကျင်ကန့်ကွက်ကြပြီး ကြားနေမဲတွေပေးမယ်လို့ ခန့်မှန်းထားတယ်လို့ ဂီနီဒီမိုကရက်တစ်အင်အားစု တက်ကြွလှုပ်ရှားသူများနဲ့ သွားလာလှုပ်ရှားနေသူ ဒိုင်လိုက အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။

အေအက်ဖ်ပီရဲ့ တွေ့ဆုံမေးမြန်းမှုမှာ မဲဆန္ဒရှင်တွေဟာ နှစ်ခြမ်းကွဲနေသလိုဖြစ်ခဲ့ပါတယ်။ တချို့ကလည်း သပိတ်မှောက်ဖို့ ကတိကဝတ်ပြုပြီး တချို့ကလည်း အတိုက်အခံပါတီတွေကို ညှိနှိုင်းဆွေးနွေးဖို့ တိုက်တွန်းပြောကြားကြပါတယ်။

ဥပဒေကျောင်းသား အက်ဒိုရာမန်နီကီတာက သူ့အနေနဲ့ အတိုက်အခံပါတီများကြား ဆွေးနွေးမှုတွေ ဖြစ်ပေါ်စေချင်တယ်လို့ ပြောပါတယ်။ မိမိအနေနဲ့ တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့အတွက် မဲပေးချင်ပါတယ်လို့ သူကပြောပါတယ်။

### မျှတကောင်း မျှတမယ်လို့ မျှော်လင့်

လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးကို ရွေးကောက်ပွဲမတိုင်မီ သတိပေးတပ်လှန့်ထားတယ်လို့ ဌာနချုပ်က ပြောကြားခဲ့ပါတယ်။ သမ္မတ ကွန်ဒီက သူကိုယ်တိုင်တွေ့နိုင်ခဲတဲ့ပုံစံမျိုးဖြစ်နေပြီး သူ့ပါတီက သူ့ကိုနောက်ထပ် သမ္မတသက်တမ်းဝင်ရောက်ယှဉ်ပြိုင်ဖို့ စဉ်းစားနေတယ်လို့ ပြင်သစ်မီဒီယာကို ပြောကြားလိုက်ပါတယ်။

ဂီနီနိုင်ငံရေးသိပ္ပံအဖွဲ့ ဥက္ကဋ္ဌ ကက်ဘိနက်ဖော်ဖာနာက မြို့တော် ကွန်နာခရီမှာ ဆန္ဒမဲပေးဖို့ စိတ်ထက်သန်မှုသိပ်မရှိမှာကို စိုးရိမ်မိကြောင်း ပြောကြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ အတိုက်အခံအင်အားစုများ ကြီးစိုးနေလို့ဖြစ်တယ်လို့ သူက ပြောပါတယ်။

နောက်တစ်ချက်ကတော့ လူတွေကစိုးရွံ့ကြောက်လန့်နေကြတယ်လို့ သူကဆက်လက်ပြောပါတယ်။ အစည်းအဝေးတွေမှာ ပါဝင်ဆွေးနွေးဖို့ စိတ်ဝေဒနာဆန်ဆန်ခံစားနေကြရတယ်လို့ သူက ထပ်လောင်းပြောကြားပါတယ်။

လူဦးရေ ၁၃ သန်းရှိပြီး မတူကွဲပြားတဲ့လူမျိုးစု အများစုနေထိုင်ရာ ဂီနီနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဓာတ်သတ္တုများပေါကြွယ်ဝလှပါတယ်။ သမ္မတကွန်ဒီပါတီကို တိုင်းရင်းသားလူမျိုးစုအချို့က ထောက်ခံအားပေးလျက်ရှိပါတယ်။

အတိုက်အခံအနည်းစုကတော့ တနင်္ဂနွေနေ့ ရွေးကောက်ပွဲဟာ မျှတကောင်းမျှတမယ်လို့ မျှော်လင့်ထားကြပါတယ်။

ပြင်သစ်စကားပြောနိုင်ငံများစုစည်းထားတဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့ (အိုအိုင်အက်ဖ်)က မဲပေးနိုင်တဲ့လူဦးရေ ၇ ဒသမ ၇ သန်းလောက်မှာ ၂ ဒသမ ၄၉ သန်းလောက် ပြဿနာအနည်းငယ်ရှိနိုင်ကြောင်း၊ သူတို့တွေဟာ ရှုပ်ထွေးတဲ့မှတ်ပုံတင်မှုတွေရှိနေကြောင်း ပြောကြားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရွေးကောက်ပွဲကော်မရှင် အကြီးအကဲဖြစ်သူ အမာဒိုဆာလစ်ကီဘီက မဲပေးဖို့မှတ်ပုံတင်လုပ်ငန်းစဉ်တွေဟာ စင်းလုံးချောကောင်းမွန်နေတာမျိုး မဟုတ်ကြောင်း၊ သို့သော်လည်း အတိုင်းအတာတစ်ခုအထိတော့ ယုံကြည်လို့ရနိုင်ကြောင်း ပြောကြားလိုက်သည်။

အနောက်နိုင်ငံမှ သံတမန်တစ်ဦးက ရွေးကောက်ပွဲဟာ ရယ်စရာကောင်းနေကြောင်း၊ လူမျိုးစုမကျေနပ်မှုများဟာ တကယ်ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားထားပါတယ်။ သို့သော်လည်း လူအများစုဟာ ဒီလူထုစစ်တမ်းကောက်ယူမှုအပေါ် စိတ်ဝင်စားကြမှာမဟုတ်တဲ့အတွက် ကြီးကြီးမားမား ဆူပူအုံကြွမှုတော့မဖြစ်နိုင်ဘူးလို့ ၎င်းက ဆက်လက်ပြောကြားလိုက်ပါတယ်။ ။

**အေအက်ဖ်ပီ**

## ဥပ္ပါတသန္တိစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် မတ် ၂ ရက်မှ ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်၏ (၁၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၂ ရက်မှ ၈ ရက်အထိ ခုနစ်ရက်တိုင်တိုင် စေတီတော်ပွဲတော်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်ကာလအတွင်း KIA, King Long, Souest, Hyundai နှင့် Baic မော်တော်ယာဉ်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ကားအရောင်းပြခန်းများ၊ အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် အဝတ်အထည် အရောင်းအဆိုင်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ အရောင်းပြခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ကလေးကစားကွင်းများပါဝင်သည့်အပြင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် တင်မောင်ဆန်းမင်းဝင်း (ရွှေမန်းသဘင်) ဇာတ်အဖွဲ့က မတ် ၂ ရက်မှ ၃ ရက်အထိ၊ ရွှေပွဲမင်းဇာတ်အဖွဲ့က မတ် ၅ ရက်မှ ၆ ရက်အထိ၊ ရွှေအိမ်စံဇာတ်အဖွဲ့က မတ် ၇ ရက်မှ ၈ ရက်အထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်အတွင်း ဆိုင်ခန်းများပါဝင်ဖွင့်လှစ်လိုသူများအနေဖြင့် ဖုန်း - ၀၉-၂၅၀၀၀၁၃၉၈၊ ၀၉-၄၄၄၀၆၇၃၀၂ နှင့် ၀၉-၂၅၇၅၁၂၇၀၀ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ထက်လျှံ**



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း နန္ဒာအောင်မြေ ပရဟိတအသင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ အမှူးပြု၍ အလှူရှင်များက ဖေဖော်ဝါရီ ၂၉ ရက်က ဗဟန်းမြို့နယ်အတွင်းရှိ ရှင်သာမဏေအပါး ၁၂၀ ကျော်အား စာရေးတံမဲချ လောင်းလှူကြစဉ်။ အေးကေလင်း

## ဥပဒေဆိုင်ရာ အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အသိပေးရှင်းလင်း

**ဟားခါး ဖေဖော်ဝါရီ ၂၉**

ချင်းပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် ဒုတိယ ၆ လ ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အသိပေးရှင်းလင်းတင်ပြခြင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်က ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်၏ လိုအပ်ချက်တစ်ခုဖြစ်သော တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် အထောက်အကူပြုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကင်အင်းမန်က ထပ်ဆင့်အမှာစကား ပြောကြားပြီးပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးချမ်ပွမ်က ပြည်နယ်အထောက်အကူပေးရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် ဒုတိယ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် တက်ရောက်လာကြသည့် မြို့နယ်ဥပဒေ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မြို့နယ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

## ရေကြောင်းသတိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီမှ ကမ်းလွန်လုပ်ကွက် အမှတ်A-6 တွင် Metocean Survey လုပ်ငန်းများအား MV. PACIFIC PATRIOT ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာဧရိယာများဖြစ်သော Point Deep Site 1 (Current mooring) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၃၉ ဒသမ ၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၃၀ ဒသမ ၅၆၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၀၆ ဒသမ ၂၅၃ စက္ကန့်၊ Point Mid-Shallow Site 2(Wave Scan mooring ) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၁၄ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၀ ဒသမ ၄ စက္ကန့်၊ Point Mid-Shallow Site 2(Current meter) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၀၅ မိနစ် ၂၀ ဒသမ ၄ စက္ကန့်၊ Point Shallow Site 3(Current meter) တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ် ၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၃ မိနစ် ၅၁ စက္ကန့်၊ Point Rise Site 4 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၂၉ ဒသမ ၁၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၃၇ ဒသမ ၈၇၃ စက္ကန့်နှင့် Point Slope Site 5 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၃၇ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၃၃ ဒသမ ၉၃၈ စက္ကန့်တို့အတွင်း ၂၀၂၀ ပြည့်နှစ် မတ်လ ၁၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ကမ်းလွန်လုပ်ကွက် အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများအား MV.PACIFIC PATRIOT ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

## အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ဥရောပသမဂ္ဂအဖွဲ့အစည်း၏ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး (Nutrition Sector Reform Contract- NSRC) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာအကူအညီပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရန် FAO Project Formulation Team ၏ International Consultant ဖြစ်သူ Mr. Niels Morel ဦးဆောင်သော အဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ ဖေဖော်ဝါရီ နောက်ဆုံးပတ်က လာရောက်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် သုတေသီများက Farmer Channel အစည်းအဝေးခန်းမ၌ တွေ့ဆုံ ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲတွင် FAO Project Formulation Team မှ အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးများ၊ မြေပဲမျိုးများ၊ ပဲမျိုးစုံသီးနှံမျိုးများနှင့် စိုက်ပျိုးရေးနည်းပညာများ အထောက်အပံ့ပေးမည့် လုပ်ငန်းအစီအစဉ်၊ ဝန်ထမ်းများနှင့် တောင်သူများအား အာဟာရဆိုင်ရာ စိုက်ပျိုးစားသုံးမှုနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများ လေ့ကျင့်သင်ကြားပေးနိုင်ရေးနှင့် အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စီမံကိန်းတွင် ဆောင်ရွက်မည့် ညွှန်းကိန်းများအတိုင်း ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မေမိုးသဲ**



အာဟာရကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးနေစဉ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၇၀/၈၅၀ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၈၀/၈၆၀ | ကျပ် | ၈၄၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၁၀/၇၇၀ | ကျပ် | ၇၈၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၈၅ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၉၀၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၀ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၅၀၈၄ | ၅၈၄၆၆၀၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၁၅၁၃ | ၆၀၀၂၀၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၁၀ | ၈၃၈၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၀ | ၂၀၂၅၀၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကိုရိုနာဗိုင်းရပ်စ်လို့ခေါ်တဲ့ ကိုဗစ်-နိုင်တင်းကို ကလေးတို့လည်း ကာကွယ်တတ်ပါစေ

ကေ-ဂျူဝယ်လ်

ကလေးတို့ကို ဒီတစ်ပတ်မှာတော့ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ လူကိုသေစေတဲ့အထိဒုက္ခပေးတဲ့ ရောဂါပိုးအကြောင်းကို ပြောပြချင်ပါတယ်။ မမရဲ့ အိမ်နားက ကလေးတွေကတော့ ဝူဟန်ဗိုင်းရပ်စ်လို့လည်းခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တရုတ်နိုင်ငံမှာရှိတဲ့ ဝူဟန်ဆိုတဲ့မြို့ကြီးကနေ စတင်ဖြစ်ပွားလို့ပါပဲ။ ကလေးတို့နားလည်အောင်ပြောရရင် အဆများများ ချဲ့ထားတဲ့ မှန်ဘီလူးကြီးနဲ့ကြည့်တဲ့အခါမှာ လူတွေရဲ့ကိုယ်ခန္ဓာအတွင်းအပြင်မှာကပ်နေတဲ့ အရာတွေရှိတယ်။ အဲဒါတွေဟာ ဗက်တီးရီးယားတွေ၊ ဖန်းကပ်စ်မှိုတွေနဲ့ ဗိုင်းရပ်စ်တွေပဲပေါ့။ သူတို့တွေဟာ လူကိုအကျိုးပြုတဲ့အရာတွေရှိသလို လူကို ဒုက္ခပေးတဲ့အရာတွေလည်း ရှိတယ်။ အခုဖြစ်ပွားတဲ့ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-နိုင်တင်း) ဆိုတာကလည်း မှန်ဘီလူးအကြီးကြီးနဲ့ အဆပေါင်းများစွာ ချဲ့ပြီးကြည့်ရင် မြင်သာတဲ့ ဗိုင်းရပ်စ်တစ်မျိုးပေါ့ကွယ်။



ဗိုင်းရပ်စ်တွေဟာ တိရစ္ဆာန်ကနေတစ်ဆင့် လူကို ကူးစက်တာဖြစ်တယ်လို့ သိပ္ပံပညာရှင်တွေက ပြောထားတာပေါ့။ ပညာရှင်ကြီးတွေက ခတ်ခွဲပြီး စမ်းသပ်တဲ့အခါ အဲဒီဗိုင်းရပ်စ်ဟာ လင်းနို့ ဒါမှမဟုတ် မြွေတွေရဲ့ သွေးထဲကနေ ဖြစ်လာတဲ့ ဗိုင်းရပ်စ်ဆိုပြီး ဆိုကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဗိုင်းရပ်စ်က တရုတ်နိုင်ငံ ဝူဟန်မြို့ရဲ့ ပင်လယ်စာနဲ့ သားငါးတွေ ရောင်းချတဲ့ဈေးကြီးကနေ နေရာတော်တော်များများကို ပျံ့နှံ့ကူးစက်သွားတာပေါ့ ကလေးတို့ရယ်။

အဲဒီဗိုင်းရပ်စ်က လူတစ်ယောက်ကနေ သူ့မိသားစုဝင်တွေ၊ သူ့ကိုကုသပေးတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေဆီကနေ အခြားလူဆီကိုလည်း ရောက်သွားပြီး နေရာအနှံ့ ပျံ့နှံ့သွားတာပေါ့။ အထူးသဖြင့် ကလေးလေးတွေနဲ့ သက်ကြီးရွယ်အိုတွေမှာ ရောဂါလက္ခဏာတွေပိုဆိုးပြီး အသက် သေဆုံးတဲ့အထိ ဒုက္ခပေးတတ်ပါတယ်။ နိုင်ငံအသီးသီးမှာရော မမတို့ မြန်မာနိုင်ငံမှာပါ ကျန်းမာရေးဌာနတွေကနေ အဲဒီဗိုင်းရပ်စ် မကူးစက်စေဖို့ အသိပေးချက်တွေ ထုတ်ပြန်ထားကြတာပေါ့။ ဘယ်လို နေထိုင်ရမယ်ဆိုတာကို နေ့တိုင်းလိုလို သတိပေးနေကြပြီး ဆေးသိပ္ပံပညာရှင်တွေကလည်း သောင်းကျန်းနေတဲ့ ကိုဗစ်-နိုင်တင်း ဗိုင်းရပ်စ်တွေကို နှိမ်နင်းနိုင်အောင် ကုသတဲ့ဆေးတွေ၊ ကာကွယ်တဲ့ဆေးတွေကို နေ့မအား၊ ညမနား ဖော်ထုတ်နေကြတာပေါ့။ ဆရာဝန်ကြီးတွေကလည်း ရောဂါဖြစ်နေတဲ့သူတွေကို သက်သာပျောက်ကင်းအောင် ကြိုးစားပြီး ကုသပေးနေတာပေါ့။

ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၃၈ နိုင်ငံမှာ ကိုဗစ်-နိုင်တင်း ကူးစက်ခံရတဲ့လူနာ ရှစ်သောင်းကျော်ရှိပြီကလေးတို့ရေ။ အဲဒီထဲမှာမှ လူ ၂၈၀၀ ကျော် သေဆုံးသွားကြတယ်။ သနားစရာ သိပ်ကိုကောင်းပါတယ်။ ဖျားနာတာ၊ အသက်ရှူ ကျပ်တာကနေ အသက်ကိုသေဆုံးတဲ့အထိ ပြင်းထန်တဲ့ ရောဂါဆိုးကြီးပေါ့ကွယ်။ ကိုဗစ်-နိုင်တင်း ဖြစ်တဲ့ လူနာတွေဟာ နှာရည်ယိုလာမယ်၊ ခေါင်းကိုက်လာမယ်၊ ချောင်းတွေဆိုးပြီး လည်ချောင်းတွေလည်း နာကြသတဲ့ ကလေးတို့ရေ။ အဖျားတွေတက်လာပြီး အသက်ရှူ ခက်ခဲလာတာတွေဖြစ်သတဲ့။ အစာအိမ်နဲ့ အူလမ်းကြောင်းဆိုင်ရာ ပြဿနာတွေဖြစ်ပြီး ကျောက်ကပ်ကိုလည်း ပျက်စီးစေတတ်ပါတယ်။ နာကျင်တဲ့ ဝေဒနာတွေ ခံစားရတာပေါ့ကွယ်။ ပိုဆိုးတာက ဗိုင်းရပ်စ်ပိုးတွေ ခန္ဓာကိုယ်ထဲဝင်ရောက်ပြီး ကိုယ်ခံစွမ်းအား ရှိရင်ရှိသလို ချက်ချင်း မသိကြရပါဘူး။ ၁၄ ရက်လောက်အတွင်း ရောဂါပိုးက ကူးစက်ပြီးတော့မှလည်း သိနိုင်တာမို့ ဖြစ်တယ်လို့ ထင်တဲ့သူတွေ အားလုံးကို ကျန်းမာရေးဌာနတွေက ၁၄ ရက် တိတိ ပိုးသတ်ထားတဲ့ အထူးကုသခန်းထဲမှာ ထားပြီး စောင့်ကြည့်တတ်ကြပါတယ်။

မမတို့နိုင်ငံမှာတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတယ်ဆိုပြီး သတ်မှတ်တဲ့လူနာရယ်လို့ မရှိသေးဘဲ ဗိုင်းရပ်စ်ကူးစက်ခံရတယ်လို့ သံသယရှိတဲ့ လူနာတွေကိုတော့ သတ်မှတ်ထားတဲ့ရက်အထိ စောင့်ကြည့်ကုသပေးနေတာတွေလုပ်ခဲ့ကြတယ် ကလေးတို့ရေ။ ဒါတင်မကသေးဘူး ရောဂါဆိုးကြီး ကူးစက်တာမဖြစ်အောင် ဘယ်လိုနေပါ၊ ဘယ်လိုအရာတွေလုပ်ပါ၊ ဘယ်လိုအရာတွေကို ရှောင်ကြဉ်ပါ ဆိုပြီးတော့လည်း အသိပညာတွေပေးနေကြတယ်။ လူတွေကလည်းကူးစက်မခံရအောင်ကြိုးစားပြီးလိုက်နာနေကြတာပေါ့။ ကလေးတို့သိတဲ့အတိုင်း လက်ကိုင်ဖုန်းတွေကနေ အွန်လိုင်းဖွင့်ထားရင် လူမှုကွန်ရက်တွေပေါ်မှာ ဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး တကယ်မဟုတ်တဲ့ သတင်းအတုတွေကလည်း မကြာခဏ တက်တက်လာနေတော့ ကလေးတို့ မေမေတွေ၊ ဖေဖေတွေက အတော်လေးစိတ်ပူနေကြမှာပေါ့။ ကလေးတို့ကိုလည်း နေထိုင်မကောင်း မဖြစ်အောင် ပိုပြီးဂရုစိုက်ကြတယ် မဟုတ်လား။ အားလုံး စိတ်ပူသင့်တဲ့အရာပဲလေ။

ဗိုင်းရပ်စ်ဆိုးကြီးတွေ ကလေးတို့ဆီမလာနိုင်အောင် ကလေးတို့ တားဆီးနိုင်မယ့် နည်းလမ်းတွေရှိပါတယ်။ ပထမဆုံး တစ်ချက်ကတော့ ကလေးတို့ဟာ လူစုလူဝေး ရှိတဲ့နေရာတွေကို ရှောင်ကြဉ်ကြဖို့ လိုပါတယ်။ အဲဒီဗိုင်းရပ်စ်ဟာ လေထဲကနေ ကူးစက်နိုင်ပါသတဲ့။ မတော်တဆများ ကလေးတို့သွားလာတဲ့ နေရာတစ်နေရာမှာ ကူးစက်ထားတဲ့ ရောဂါဖြစ်နေတဲ့သူ ရှိခဲ့မယ်ဆိုရင် သူချောင်းဆိုးတဲ့အခါ၊ နှာချေတဲ့အခါ လေထဲမှာပါလာတဲ့ အဲဒီဗိုင်းရပ်စ်တွေက ကလေးတို့ဆီ ရောက်လာနိုင်လို့ ကလေးတို့ကို လူအများကြီး ရှိတဲ့နေရာတွေကို မမက မသွားစေချင်ပါဘူး။

နောက်တစ်ချက်ကတော့ ကလေးတို့လက်ကလေးတွေဟာ အရာရာကို လျှောက်ပြီး ကိုင်ကြည့်တတ်ကြတယ်။ မသန့်ရှင်းတဲ့ လက်တွေကနေ နှာခေါင်းတို့ ပါးစပ်တို့ကို ထိမိတဲ့အခါ လက်မှာ ကပ်နေ နိုင်တဲ့




ဗိုင်းရပ်စ်တွေက ကလေးတို့ ခန္ဓာကိုယ်ထဲကို ဝင်လာနိုင်တာမို့ လက်တွေကို သန့်စင်အောင် ရေများများနဲ့ ဆပ်ပြာတိုက်ပြီး မကြာမကြာ ဆေးကြောဖို့လိုပါတယ်။ ကလေးတို့ လက်ကလေးတွေ သန့်ရှင်းနေမယ်ဆိုရင်လည်း ကိုဗစ်-နိုင်တင်းက မဝင်လာနိုင်တော့ဘူးပေါ့။

ချောင်းဆိုးတဲ့အခါနဲ့ နှာချေတဲ့အခါတွေမှာ စက္ကူ ဒါမှမဟုတ် လက်ကိုင်ပဝါကို အသုံးပြုပြီးတာနဲ့ စနစ်တကျ စွန့်ပစ်ကြဖို့ လိုပါတယ်။ အခုလပိုင်းမှာ ကလေးတို့ အပြင်သွားတဲ့အခါ နှာခေါင်းနဲ့ပါးစပ်ကို လုံအောင်ကာထားကြတာကို တွေ့ကြမှာပါ။ ကလေးတို့ မေမေတွေ၊ ဖေဖေတွေကရော ကလေးတို့ကို တပ်ပေးဖူးလား။ အဲဒါကို နှာခေါင်းစည်းလို့ခေါ်ပြီး ပြင်ပက ရောဂါပိုးတွေ ဝင်မလာအောင် ကာကွယ်ထားတဲ့အရာလေးပေါ့ကွယ်။ ဒါပေမယ့် အဲဒါလေးကို မသန့်ရှင်းတဲ့လက်နဲ့ ကိုင်မယ်၊ ခဏခဏ ဖြုတ်လိုက်တပ်လိုက်၊ နောက်နေ့ ပြန်ပြန်ပြီးသုံးမယ်ဆိုရင်တော့ သူက ကလေးတို့ကို ကာကွယ်ပေးမှာ မဟုတ်တော့ဘူးနော်။ ဒါကြောင့် လူကြားထဲကိုသွားရင် အကောင်းဆုံးက နှာခေါင်းစည်းကို သန့်ရှင်းတဲ့လက်တွေနဲ့ တပ်ထားပါ။ ဖြုတ်ပြီးတဲ့အခါမှာလည်း အမှိုက်ပုံးထဲကို တစ်ခါတည်း စွန့်ပစ်ဖို့ မမက မှာလိုက်ပါရစေ။

သူများတွေ နှာချေတာ၊ ချောင်းဆိုးတာတွေ့ရင် ဝေးဝေးကရှောင်ပြီး အနည်းဆုံး ခြေလှမ်းလေးငါးလှမ်း လောက်ခွာပြီး သွားဖို့လိုပါတယ်နော်။ ကလေးတို့ဟာ တိရစ္ဆာန်တွေကို တိုက်ရိုက်ကိုင်တွယ်တာမျိုးလည်း လုံးဝ မလုပ်မိဖို့လိုပါတယ်။ အသားငါးတွေ၊ ကြက်ဥတွေနဲ့ နွားနို့တွေကိုလည်း ကျက်အောင်ချက်ပြုတ်စားသုံးရမှာ ဖြစ်သလို အိပ်ရေးဝဝအိပ်ပြီး နားနားနေနေနဲ့ ကိုယ်ခံစွမ်းအားတွေ မြင့်နေအောင်လည်း အားရှိအောင်နေထိုင်ကြဖို့ လိုပါတယ်။ ကိုယ်ခံအားကောင်းနေရင် ဗိုင်းရပ်စ်ဆိုးကြီးကို ကလေးတို့ ကာကွယ်နိုင်မှာမို့ သေသေချာချာ လိုက်နာပေးကြဖို့ မမက တိုက်တွန်းပါတယ်နော်။ ကလေးတို့အားလုံး အားလပ်ရက်မှာ ပျော်ရွှင်ကျန်းမာပါစေကွယ်။ ။

## လောကဝတ် (Etiquette)

မမမေ

# ရိုးသား၊ မျှဝေ၊ ကြင်နာ၊ လေးစား

**ကလေးတို့အားလုံး မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ ကလေးတို့အတွက် အရေးကြီးတဲ့စာလုံးလေး လေးခုကို မမက စဉ်းစားစေလိုပါတယ်။ အဲဒီစာလုံးလေးလုံးဟာ ကလေးတို့ဘဝတစ်လျှောက်လုံးမှာ အမြဲတမ်း သတိပြုရမယ့် စာလုံးလေးတွေဖြစ်ပြီး ကလေးတို့ကို အားလုံးက အသိအမှတ်ပြုစေမယ့် အရာလေးတွေပေါ့။**

### ရိုးသား


ရိုးသားတယ်ဆိုတာ ကလေးတို့သိမယ်လို့ မမကတော့ ယုံကြည်ပါတယ်။ ရိုးသားတယ်ဆိုတာ အရာရာကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောတတ်၊ နေတတ်ပြီး အကျင့်ကောင်းတာကို ခေါ်တာပေါ့ကွယ်။ သူတစ်ပါးအပေါ် မကောင်းကြံတဲ့စိတ်တွေ မရှိဘူး။ အမြဲတမ်း အကောင်းဘက်ကနေ တွေးတယ်။ ကြံစည်တယ် ပြီးတော့အားလုံးကို ရိုးရိုးရှင်းရှင်း လုပ်ကိုင်ကြတယ်။ ရိုးသားတဲ့သူတွေဟာ ဘယ်သူ့အပေါ်ကိုပဲဖြစ်ဖြစ် အမှန်အတိုင်းပဲပြောဆိုသလို သူတို့လုပ်သမျှကိစ္စတိုင်းဟာလည်း ရှင်းရှင်းလင်းလင်းနဲ့ အားလုံးက နားလည်လက်ခံနိုင်ကြတယ်။ သူတို့ကိုယ်တိုင်ကလည်း စိတ်ရောကိုယ်ရော ရိုးသားတဲ့အတွက် ဘဝတစ်လျှောက်မှာ ချစ်ခင်အားကိုးသူတွေနဲ့ ကြုံကြရတာပေါ့။

### မျှဝေ

ကျောင်းမှာ သူငယ်ချင်းတွေမသိအောင် အိမ်ကပါလာတဲ့မုန့်တွေ ဖွက်ပြီးစားဖူးလား ကလေးတို့ရေ။ မမငယ်ငယ်က သူငယ်ချင်းတွေနဲ့ ကစားရင်း ပန်းသီးလေးတစ်လုံးကို ကိုက်စားမိတယ်။ ဘယ်သူ့ကိုမှလည်း မကျွေးမိဘူး။ မမရဲ့ဘွားဘွားက အိမ်ကိုခေါ်ပြီး မမကို ရှင်းပြတယ်။ "သူများကို မကျွေးနိုင်သေးဘူးဆိုရင် အိမ်ထဲမှာ ကုန်အောင်စားပြီးမှ ကစားပါ။ သူငယ်ချင်းတွေက ဝယ်မစားနိုင်သေးတဲ့အခါ စိတ်မကောင်းဖြစ်ကြမယ်ဆိုရင် ပျော်နိုင်ပါ့မလား"ဆိုပြီး မမကို မေးတာပေါ့။ အဲဒီတော့မှ မမလည်း သဘောပေါက်သွားတယ်။ ပန်းသီးလေးကို သူငယ်ချင်းတွေကိုခွဲပြီး အားလုံးတူတူစားကြတာ ပျော်စရာသိပ်ကောင်းတာပဲ။ ခဲတံမရှိတဲ့ သူငယ်ချင်းကို ခဲတံငှားပေးတာ၊ အတောင်ပံကျိုးနေတဲ့ ငှက်ကလေးကို ဆေးထည့်ပေးတာ၊ ကျောင်းမတက်နိုင်တဲ့သူငယ်ချင်းကို စာကူးပေးတာ၊ နေမကောင်းတဲ့သူငယ်ချင်းကို သတင်းမေးတာတွေဟာ သူ့ရဲ့ လိုအပ်ချက်တွေကို ကိုယ့်မှာရှိတဲ့ အရာတွေနဲ့ ပေါင်းစပ်ဖြည့်ဆည်းပေးတာဖြစ်ပြီး မျှဝေတယ်လို့ ခေါ်ပါတယ်။ ကလေးတို့လည်း အရာရာကို သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်နဲ့ မျှဝေပေးကြမယ်ဆိုရင် ကလေးတို့ကို အားလုံးက ချစ်ခင်ကြမှာမို့ တော်တော်လေး ပျော်စရာကောင်းမှာပဲနော်။

### ကြင်နာ

မမရဲ့ ညီမလေးက သူများအတွက် ပထမဆုံး





မျက်ရည်တွေကျပြီး အော်ငိုဖူးတာ သူ့အသက် တစ်နှစ်ပြည့်ခါနီးမှာပေါ့။ အိမ်မြှောင်သားအမိက နံရံပေါ်မှာ တက်နေတုန်း အိမ်မြှောင်သားလေးက နံရံပေါ်ကနေ ဘုတ်ခနဲပြုတ်ကျသွားတာပေါ့။ သူ့မေမေ အိမ်မြှောင်ကြီးက အောက်ကို နံရံကနေ ကပ်ပြီးပြေးဆင်းလာတယ်။ အိမ်မြှောင်ကလေးက ကြောက်လို့ ငြိမ်နေရှာတယ်။ အဲဒါကိုတွေ့တော့ အိမ်မြှောင်သေးသေးလေးကို သနားပြီး မမရဲ့ညီမလေးက အော်ငိုလိုက်ပါတယ်။ ကလေးတို့ရော သနားလို့ ငိုဖူးသလား။ တီဗွီကြည့်ရင်း သနားစရာကောင်းရင် ဝမ်းနည်းပြီး ငိုတာပေါ့နော်။ သနားရုံနဲ့တော့ မပြီးဘူးညီမလေးတို့ မောင်လေးတို့ရေ။ သနားတတ်တဲ့ စိတ်ကလေးကို အခြေခံပြီး အားလုံးအပေါ် ကြင်နာမှု ရှိဖို့တော့ လိုပါတယ်။ ဖေဖေ မေမေ၊ ဘိုးဘိုး ဘွားဘွားတွေကို ကလေးတို့က ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ဆက်ဆံရမှာပါ။ ကိုယ့်ထက်ငယ်တဲ့ မောင်လေးတွေ ညီမလေးတွေနဲ့ တွေ့ရင်လည်း ကြင်ကြင်နာနာ ဆက်ဆံပေးရမှာပေါ့။ ကိုယ့်ထက် အားနည်းသူတွေကို တွေ့တဲ့အခါမှာလည်း ကြင်နာတဲ့ အမူအရာလေးတွေ ပြရမယ်။ သူတို့ကို ပြုစုယုယရမယ်။ သူတို့ရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းရမယ်လေ။ ဒါဟာ ယဉ်ကျေးတဲ့ အလေ့အထကောင်းလေးပေါ့ကွယ်။ ကလေးတို့လည်း ကြင်နာတတ်ပါစေကွယ်။

### လေးစား

လေးစားတယ်ဆိုတာ မမတို့နိုင်ငံမှာတော့ ဂါရဝတရား ထားရမယ်ဆိုပြီး လူကြီးတွေက ဆုံးမတတ်ကြပါတယ်။ ကိုယ့်ထက် အသက်ကြီးသူတွေ၊ ဂုဏ်သိက္ခာကြီးသူတွေအားလုံးအပေါ်မှာ လေးလေးစားစား ဆက်ဆံရမယ်ဆိုတာပါ။ လူတိုင်းလူတိုင်းမှာ ဖေဖေနဲ့ မေမေ ရှိကြတယ်မဟုတ်လား။ မိဘတိုင်းက သူတို့သားသမီးတွေကို သူများက နှိမ့်ချတာ၊ အကျင့်ပုတ်တာကို မခံချင်ကြဘူးလေ။ မမတို့အားလုံး လူတိုင်းလူတိုင်း အချင်းချင်း လေးလေးစားစား ဆက်ဆံကြမယ်ဆိုရင် ရန်ပွဲတွေ မဖြစ်တော့ဘူး။ စစ်တွေ မတိုက်ကြရတော့ဘူး။ အားလုံး အေးအေးဆေးဆေး နေနိုင်သွားကြမှာပါ။ သူငယ်ချင်းအချင်းချင်း လှောင်ပြောင်တာ၊ နှိမ့်ချတာ၊ စောင်းမြောင်းပြောတာတွေ မလုပ်ဘဲ လေးလေးစားစားနဲ့ အားလုံးအပေါ် ဆက်ဆံနေထိုင်သွားကြပါလို့ မမက ပြောရင်းနဲ့ နှုတ်ဆက်ပါတယ်။ နောက်တစ်ပတ်မှာ ပြန်တွေ့ကြမယ်နော်။ ။


HTOO
ဟဲလို..အမေနန်းက ရိုက်ကွင်းမယ်တော်နဲ့ ပြောချင်လို့ပါ...
ထီထိုးမလို့ ထင်တယ်
အမေလား..အမယ်လေး ကယ်တော်မူပါ...
ကျွီ..
ဖုန်းပြောရင်း လမ်းဖြတ်ကူးတဲ့သူကို ဖုန်းပြောရင်းမောင်းလာတဲ့ကားက တိုက်မိတော့မလို့..ကံကောင်းလို့
အမေကယ် လေလို့ပဲ...
ဘယ်က အရူးမှန်းမသိပါဘူး..တိုက်မိတော့မလို့..
လူတိုင်းဖုန်းကိုင်နိုင်ကြပေမယ့် ဖုန်းကို စနစ်တကျနည်းမှန်လမ်းမှန်အသုံး ပြုတတ်ကြဖို့ အတော်လိုသေး...... အဲ..ငါ့ဖုန်းသံပဲ..ဘယ်သူပါလိမ့်
ဟဲလို..အမိန့်ရှိပါ....
ဘေလ်နည်းနေလို့ ပြန်ခေါ်ပေးနော်..
ဟဲလို..ပြန်ခေါ်လိုက်ပြီခင်ဗျ..
မနက်က ဘာတွက်သွားလဲဟင်
ဟော..နင့်လီးဒေါ်ကြီး ယောက်ျား လိပ်ခေါင်းထွက်တယ်..ခုဆက်နေတာဘယ်သူလဲ..ငါကမှတ်လို့လဲ....
သေတော့..ဖုန်းမှားသွားလို့နော်..
ဟောဟောဆယ် ကိုတင့် 'ဒေါသ' ထွက်သွားတာ အမှန်ပဲဗျာ....
တောက်...
၁-၂-၃--
၄-၅-အဲ ၆-၇-၈-၉..
ဘာများ ဖြစ်နေပါ
မင်းက လိမ္မာပါတယ်
ကာတွန်း
"MASK"
OK...


စိုးစိုး
ငှက်သိုက်
ငှက်ကလေးတွေ- ချစ်စရာ
ဘယ်လဲ- မလကြီး-
ငှက်သိုက် ယူမလို့-
ငှက်ကလေးတွေ ဒုက္ခရောက်ကုန်တော့မှာပါ- မလုပ်ရဘူးလေ-
မယူလို့ မဖြစ်ဘူး ဖိုးဖိုးရဲ့-
ဘာလို့ ငါ့နောက်ကို လိုက်လာတာလဲ-
လူတွေအားရှိအောင်စားရတဲ့- ငှက်သိုက် လာယူတာ- နေမကောင်းတဲ့ ငါ့အဖိုးကို ကျွေးဖို့-
ငှက်သိုက် ရမည်


လိမ္မာတဲ့ပုစိ
....ညောင်
လိမ္မာတဲ့ ပုစိ
စာကလေး တွေ
အိမ်မြှောင်တွေကို
ဖမ်းပြီး မစားဘူး လိမ္မာလိုက်တဲ့ ပုစိ
တော်ကြာ ငါ့ ငါးကြော် ညသုံးဖို့ကြောင်လိမ္မာကြီး စားသွားပြီ
ငါးကြော် မကြိုက် ကြောင်မိုက်တဲ့..
ကြောင်မိုက်မဖြစ်ချင်လို့ ကြိုက်တဲ့ငါး ယူစားမိတာ ရှိမှာပါ ဘွားရယ်.....
လိမ္မာတဲ့ ပုစိလေး... ပြေးပုံလေးက လိမ္မာလိုက်တာကွာ


ဖိုး သာ ဝူး
ငါ့မွေးနေ့တုန်းက ကျွေးတဲ့.. မွေးနေ့ကိတ်က ဘယ်လောက်တောင် ကြီးသလဲဆိုရင်..
လူခြောက်ယောက် စားတာတောင် မကုန်ဘူးဟ။
ကြွား
အံမယ် ငါ့မွေးနေ့တုန်းကကျွေးတဲ့ ကိတ်က ပိုကြီးတယ်ပေါ့!
လူနှစ်ဆယ်လောက် စားတာတောင်.. မကုန်ဘူးလေ။
ငါ့မွေးနေ့တုန်းက ကျွေးတဲ့.. 'ကိတ်' ဆိုရင် လူအများကြီးဝိုင်းစားတာ တောင်..
မကုန်ဘူး ဟ။
နင့် မွေးနေ့ကိတ်က အကြီးကြီးပေါ့ နော်
ဟုတ်ဘူး ဟ။
ကိတ်မုန့်က သကြားများပြီး...ချိုလွန်းလို့ လူတွေမစားနိုင်ကြတာ။

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**ခန့်အပ်ထားမှုကို အကျိုးသက်ရောက်စေသည့် လာဘ်ပေးလာဘ်ယူပြုရန် ဖြားယောင်းခြင်း**

၁၈၇။ တစ်ဦးတစ်ယောက်သည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် မြီရှင်တစ်ဦးဦးအား တန်ဖိုးရှိသော အဖိုးစားနားတစ်ခုခုကို အောက်ပါတို့အတွက်ပေးလျှင် သို့မဟုတ် ပေးရန်သဘောတူညီလျှင် သို့မဟုတ် ပေးရန်ကမ်းလှမ်းလျှင် မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေတပ်ရိုက်ရမည်–

(က) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းအား ခန့်အပ်စေရန် သို့မဟုတ် အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ်

( ခ ) အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်စေရန် သို့မဟုတ် ထိုသူအား အမည်စာရင်းတင်သွင်းစေရန် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းပေးခြင်းအား ပိတ်ပင်တားဆီးရန်။

**အခန်း(၇)**

**ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

**အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေကြောင်း အသိပေးကြေညာခြင်း**

၁၈၈။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းနေပါက အောက်ပါကိစ္စရပ်များ၌ ထိုသို့ ဆောင်ရွက်နေကြောင်း ဖော်ပြပါရှိရမည်–

(၁) ကုမ္ပဏီ၊ ကုမ္ပဏီကိုယ်စား သို့မဟုတ် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ၊

(၂) ကုမ္ပဏီ၏ဝက်ဘ်ဆိုက်များ။

( ခ ) ပုဒ်မခွဲ (က) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ ဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကိုဆိုသည်။

( ဂ ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သည့် သို့မဟုတ် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေ ခွင့်ပြုသည့် ကုမ္ပဏီအရာရှိ၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲသူ သို့မဟုတ် ပစ္စည်းထိန်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**ကုမ္ပဏီ၏ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်**

၁၈၉။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်ပြီးနောက် ၎င်းသည် ကုမ္ပဏီကိစ္စများနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုလျက် ၎င်းထံပေးပို့ရန်အတွက် စာဖြင့်အကြောင်းကြားနိုင်သည်။

( ခ) ပုဒ်မခွဲ (က) နှင့်စပ်လျဉ်း၍ နည်းဥပဒေများတွင် အောက်ပါတို့ကို အထူးပြုဖော်ပြစေရမည်–

(၁) စာဖြင့်ရေးသားသောအကြောင်းကြားစာ၏ပုံစံ၊

(၂) ဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၊

(၃) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်၏ ပုံစံနှင့် ယင်းပုံစံတွင် ပါရှိရမည့် အချက်များ။

( ဂ ) ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြရန် တာဝန်ရှိသူသည် စာဖြင့် ရေးသားပေးပို့သည့် အကြောင်းကြားစာကို ရရှိသည့်နေ့မှ ၂၁ ရက်အတွင်း ထိုထုတ်ဖော်ကြေညာချက်ကို ပေးပို့ရမည်။

(ဃ) မည်သူမဆို ဤပုဒ်မပါ တာဝန်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်ရမည်။

**မြီရှင်များကော်မတီအား ဖွဲ့စည်းခြင်း**

၁၉၀။ (က) မည်သည့်မြီရှင်များအစည်းအဝေးတွင်မဆို မြီရှင်များက သင့်သည် ထင်မြင်လျှင်ဤဥပဒေအရအပ်နှင်းထားသည့် လုပ်ငန်း တာဝန်များကို ကျင့်သုံးရန်ဖြစ်စေ၊ ဤဥပဒေအရ ဆောင်ရွက်ရမည်တို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်စေ မြီရှင်များ ကော်မတီကို ဖွဲ့စည်းနိုင်သည်။

( ခ ) နည်းဥပဒေများတွင် ကော်မတီအတွက်ဖြစ်စေ၊ ကော်မတီနှင့်ဆက်စပ်လျက်ဖြစ်စေ မြီရှင်များကော်မတီဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေးကျင်းပခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် မဲပေးပုံတို့နှင့် စပ်လျဉ်းသည့်ပြဋ္ဌာန်းချက်များကို ထည့်သွင်းနိုင်သည့်အပြင် ကော်မတီ၏ နောက်ထပ်လုပ်ငန်းတာဝန်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

**မြီရှင်များက စာအုပ်စာတမ်းများကိုကြည့်ရှုစစ်ဆေးခြင်း**

၁၉၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီးသည့် မည်သည့်အချိန်တွင်မဆို မြီရှင်နှင့် ကြွေးမြီဆပ်ရန်တာဝန်ရှိသူတို့က စစ်ဆေးခွင့်တောင်းခံပါက တရားရုံးသည် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီလက်ဝယ်ရှိသော စာအုပ်စာတမ်းများအား စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် အောက်ဖော်ပြပါတို့ကို ဖယ်ထုတ်ခြင်း၊ ကန့်သတ်ခြင်းမရှိစေရ–

(၁) အစိုးရဌာန သို့မဟုတ် အစိုးရဌာန၏ တာဝန်ပေးချက်အရ တာဝန်ရှိသူက ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ကိုယ်တိုင်က စစ်ဆေးခြင်းကို ခွင့်ပြုခြင်း။

**တရားရုံးသို့ လျှောက်ထားခြင်း**

၁၉၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှ ပေါ်ပေါက်လာသော မည်သည့်ကိစ္စရပ်အတွက်မဆို တရားရုံး၏ လမ်းညွှန်ချက်ရယူရန် လျှောက်ထားနိုင်သည်။

( ခ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူ တစ်ဦးဦး သို့မဟုတ် မြီရှင်သည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှ ပေါ်ထွက်လာသည့် ပြဿနာတစ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ထိုပြဿနာအပေါ် လမ်းညွှန်ချက်ပေးလျှင် သို့မဟုတ် ပြဿနာကို ဆုံးဖြတ်ပေးလျှင် တရားမျှတပြီး အကျိုးဖြစ်စေမည်ဟု ကျေနပ်ယုံကြည်ပါက သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း စည်းကမ်းသတ်မှတ်ချက်များသတ်မှတ်၍ လျှောက်ထားချက် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည့်အပြင် အခြားသင့်သည် ထင်မြင်သည့်အမိန့်ချမှတ်နိုင်သည်။

**တရားရုံး၏ထပ်ဆင့်အာဏာများ**

၁၉၃။ ဤဥပဒေအရ တရားရုံးအား အပ်နှင်းထားသည့် အခွင့်အာဏာများသည် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီစားတို့အား တရားစွဲဆိုရန် အခွင့်အာဏာတစ်ခုခုကို ကန့်သတ်ခြင်း မဟုတ်ဘဲ ဖြည့်စွက်ခြင်းသာ ဖြစ်သည်။

**ခွဲဝေရမည့်ဦးစားပေးအစီအစဉ်များ**

**ကြွေးမြီဦးစားပေးအဆင့်တူညီခြင်း**

၁၉၄။ ဤဥပဒေအရ အခြားကြွေးမြီဦးစားပေးအစီအစဉ်သတ်မှတ်ထားခြင်း မှအပ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် သက်သေထင်ရှားပြသပြီး ကြွေးမြီများနှင့် တောင်းခံမှုများသည် တူညီသောအဆင့်ရှိသည်။ ကုမ္ပဏီတွင် အပြည့်အဝပေးချေရန်အတွက် လုံလောက်သော ပိုင်ဆိုင်မှုမရှိလျှင် အချိုးကျ ခွဲဝေပေးရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေပေးခြင်း**

၁၉၅။ ဤအပိုင်းအရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုမ္ပဏီပိုင်ပစ္စည်းများကို အောက်ပါအတိုင်း ခွဲဝေရမည်–

(က) သက်ဆိုင်ရာအခန်းတွင် ပြဋ္ဌာန်းထားသော ဦးစားပေးတောင်းခံမှုများကို ကနဦး ပေးချေခြင်း၊

( ခ ) ဒုတိယအနေဖြင့် ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများကို ဦးစားပေးအဆင့်တူညီစွာ ခွဲဝေပေးခြင်း၊

( ဂ ) တတိယအနေဖြင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အခြားနည်း ဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီတွင်ပါဝင်သူများအကြား ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးအမြတ်များအရ ခွဲဝေပေးခြင်း။

**ဦးစားပေးတောင်းခံမှုများကို ပေးချေခြင်း**

၁၉၆။ (က) ဤပုဒ်မတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် –

(၁) **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏စရိတ်များ** ဆိုသည်မှာ ၎င်းက စနစ်တကျ ကျခံခဲ့ရသော ကုန်ကျစရိတ်များကို ဆိုသည်။

(၂) **လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ အခကြေးငွေ** ဆိုသည်မှာ ၎င်းရပိုင်ခွင့်ရှိသော လုပ်အားခငွေများကို ဆိုသည်။

(၃) **သက်ဆိုင်သော ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များမှအပ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီကာလတွင် ထိုကုမ္ပဏီ၏ ဝန်ထမ်းများကို ဆိုသည်–

(ကက) ဒါရိုက်တာ၊

( ခခ ) ယခင်ဒါရိုက်တာ။ (ယခင်ဒါရိုက်တာ ဆိုသည်မှာ ဒါရိုက်တာရာထူးမှ ရပ်စဲသွားချိန်မတိုင်မီအထိ ကုမ္ပဏီ၏ ဒါရိုက်တာ တာဝန်ထမ်းဆောင်ခဲ့သူ)

(၄) **ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြွေးမြီများ** ဆိုသည်မှာ အပိုင်း (၅) လုပ်ငန်းစဉ် သို့မဟုတ် အပိုင်း (၆) လုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားသည့် ကုမ္ပဏီတစ်ခုက ထိုလုပ်ငန်းစဉ်တစ်လျှောက်ကုန်ကျခဲ့ပြီး ပေးချေခဲ့ခြင်းမရှိသော ကြွေးမြီတို့ကို ဆိုလိုသည်။

(၅) **ကုမ္ပဏီနှင့် သက်ဆိုင်သည့်လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကိုဆိုသည်–

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

( ခခ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း (၅) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ယင်း၏ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

( ဂဂ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အချိန်၌ ကုမ္ပဏီသည် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေလျှင် ယင်း၏ ပြန်လည်ထူထောင်ရေးအကြံပေး။

(၆) **သက်ဆိုင်ရာဝန်ထမ်းများ၏ ရပိုင်ခွင့်**ဆိုသည်မှာ ပုဒ်မခွဲ (ခ) တွင် ပြဋ္ဌာန်းထားသော အမျိုးအစားများတွင် အကျုံးဝင်ပြီး ထိုရပိုင်ခွင့်များအား အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ဆောင်ရွက်ခဲ့သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွင်း ပေးချေခဲ့ခြင်းမရှိလျှင် ထိုရပိုင်ခွင့်များကိုလည်း ဆက်စပ်သော ဦးစားပေးအစဉ်တွင် ထည့်သွင်းရခြင်းကို ဆိုသည်။

( ခ ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အောက်ဖော်ပြပါ ကြွေးမြီနှင့်တောင်းခံမှုများကို ကုမ္ပဏီ၏ပေးရန်ရှိသော အာမခံအကျိုးခံစားခွင့်မရရှိသည့် ကြွေးမြီ သို့မဟုတ် တောင်းခံမှုများထက် ဦးစားပေးလျက် အောက်ပါအစဉ်အတိုင်း ပေးချေရမည်–

(၁) ဦးစွာ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ၏ ကုန်ကျစရိတ်များ၊

(၂) ထို့နောက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို တရားရုံးမှ ခန့်အပ်ခဲ့ခြင်းဖြစ်ပါက ထိုအမိန့်ရရှိရန် လျှောက်ထားခြင်းအတွက် ကုန်ကျခဲ့သော တရားရုံးစရိတ်များ၊

(၃) ထို့နောက် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ ဝန်ဆောင်စရိတ်၊

(၄) ထို့နောက် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့် ဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်အားခနှင့် လစာများ သို့မဟုတ် အခြားသောဝန်ဆောင်စရိတ်များ၊

(၅) ထို့နောက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ အလုပ်လုပ်ကိုင်ခဲ့သော သက်ဆိုင်သည့်ဝန်ထမ်းများအား ပေးရန်ရှိသည့် ခွင့်ရက်ဆိုင်ရာရပိုင်ခွင့်များ၊

(၆) ထို့နောက်သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် အလုပ်မှ ရပ်နားခြင်းဆိုင်ရာရပိုင်ခွင့်များ၊

(၇) ထို့နောက် သက်ဆိုင်သောဝန်ထမ်းများအား ပေးရန်ရှိသည့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုတို့နှင့်စပ်လျဉ်းသည့် လျော်ကြေးငွေများ၊

(၈) ထို့နောက်ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြွေးမြီများ၊

(၉) ထို့နောက်နည်းဥပဒေများတွင်ပြဋ္ဌာန်းထားသည့်အခြားသော ကြွေးမြီများ။

( ဂ ) ပုဒ်မခွဲ(ခ)တွင် ရည်ညွှန်းထားသော ကြွေးမြီများအနက် အတန်းအစားတူညီသော ကြွေးမြီများသည် ဦးစားပေးအဆင့်တူညီပြီး ကုမ္ပဏီတွင် ပေးချေရန်အတွက် လုံလောက်သောပိုင်ဆိုင်မှု မရှိသည်မှအပ အပြည့်အဝပေးချေရမည်။ လုံလောက်မှုမရှိလျှင် အချိုးကျခွဲဝေပေးမည်။

**ကြွေးမြီများအပေါ် တင်ရှိသည့်အတိုး**

၁၉၇။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေထင်ရှားပြသထားသည့် ကြွေးမြီများကို ပေးဆပ်ပြီးနောက် ကျန်ရှိသည့်ပိုငွေ တစ်ရပ်ရပ်ကို ကုမ္ပဏီသည် အခြားသောကိစ္စ တစ်ခုခုအတွက် အသုံးပြုခြင်းမပြုမီ စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခဲ့သည့် ကာလများအတွင်း ထိုသက်သေထင်ရှား ပြသထားသည့်ကြွေးမြီ အတွက် တင်ရှိနေသည့် အတိုးကို ပေးဆပ်ရမည်။

( ခ ) ဤပုဒ်မပါ အတိုးအား အဆင့်အတန်းသတ်မှတ်ရာတွင် မူရင်း ကြွေးမြီများသည် ဦးစားပေးအဆင့်အတန်းတူညီသည်ဖြစ်စေ၊ မတူညီသည်ဖြစ်စေ အတိုးငွေအား ဦးစားပေး အဆင့်အတန်း တူညီစွာသတ်မှတ်ရမည်။

( ဂ ) ကြွေးမြီတစ်ခုခုနှင့်စပ်လျဉ်း၍ဤပုဒ်မအရ ပေးရမည့်အတိုးနှုန်းသည် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းမှလွဲ၍ ယင်းကြွေးမြီအတွက် သတ်မှတ်သည့် အတိုးနှုန်းဖြစ်သည်။ ထိုသို့သတ်မှတ်ချက် မရှိပါက နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အတိုးနှုန်း ဖြစ်သည်။

**ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်း**

၁၉၈။ (က) ဤပုဒ်မပါ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်း ဆိုသည်မှာ မြီရှင်၏ သဘောတူညီချက်အရ ကုမ္ပဏီကပေးဆပ်ရမည့် သတ်မှတ်ကြွေးမြီတစ်ရပ် သို့မဟုတ် ယင်းကြွေးမြီ၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို သတ်မှတ်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ပြီးမှသာလျှင် အခြားသောကြွေးမြီတို့အား ပေးဆပ်စေခြင်းကို ဆိုသည်။

( ခ ) ပုဒ်မခွဲ (က) အရ မြီရှင်တစ်ဦး၏ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကြောင့် ထိုသဘောတူညီချက်တွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ထိုသဘောတူညီချက်နှင့် သက်ဆိုင်ခြင်း မရှိသည့် မြီရှင်အား နစ်နာခြင်းဖြစ်စေသည့် အတိုင်းအတာမှတစ်ပါး ဤအပိုင်းတွင်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုသို့ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

*ဆက်လက်ဖော်ပြပါမည်*

# ပြည်တွင်း ပြည်ပသတင်းမီဒီယာများ စစ်တွေမြို့ရှိ သက္ကယ်ပြင်စခန်း၌ သတင်းရယူ



**စစ်တွေ ဖေဖော်ဝါရီ ၂၉**

ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး သက္ကယ်ပြင်စခန်းသို့ သွားရောက်သတင်းရယူကြသည်။

အဆိုပါအဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းသတင်းမီဒီယာ အဖွဲ့တွင် Myanmar Now ၊ Eleven Media Group ၊ VOA ၊ CNA ၊ European Press Photo Agency (epa) ၊ BBC Media Action နှင့် Aljazeera သတင်းဌာနတို့မှ သတင်းသမားများပါရှိပြီး သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ သွားရောက် သတင်းရယူမှုအနေဖြင့် ၃၆ ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်နှင့်ဂျေတီ**
**ဓာတ်ပုံ-တင်ထွန်း (ပြန်/ဆက်)**

## တရားမဝင် ဆိုင်ကယ်အပိုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄၅၇ စီး၊ သွင်းကုန် ၁၅၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၃၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၄ သန်းတန်ဖိုးရှိ ဆိုင်ကယ်အပိုပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆:၀၀ | - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၀၀ | - Breakfast News |
| ၉:၁၅ | - "မင်္ဂလာပါ အင်္ဂလိပ်သင်ခန်းစာအစီအစဉ်"(အပိုင်း-၁၀) |
| ၁၀:၀၀ | - Sunday Talk |
| ၁၁:၀၀ | - "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ" (ဇီဝဗေဒဘာသာရပ်) |
| ၁၂:၅၀ | - မြန်မာဂန္ထဝင်ရုပ်ရှင် "အဖိုးတန်မြ" |
| ၁၅:၀၀ | - "ကင်းထောက်ဆိုသည်မှာ" (စကားဝိုင်း) (အပိုင်း-၁) |

**ညပိုင်း**

| | |
|---|---|
| ၁၅:၄၅ | - MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(Chin United FC Vs Shan United FC) |
| ၁၉:၁၅ | - နိုင်ငံခြားဇာတ်လမ်းတွဲ "သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၃) |
| ၂၀:၀၀ | - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ |
| ၂၀:၃၅ | - "ကင်းထောက်ဆိုသည်မှာ" (စကားဝိုင်း) (အပိုင်း-၂) |
| | - ဘဝနှင့်အနုပညာ (ဖြတ်သန်းလာသမျှအနုပညာဘဝ) "အမျိုးသားစာဆိုတော်ကြီး ဆရာဇော်ဂျီ"(အပိုင်း-၃) |
| | - မြန်မာဗီဒီယိုဇာတ်လမ်း "မျက်ရည်နှစ်တဲ့ပင်လယ်" |

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးဟု အယောင်ဆောင်ပြောဆို၍ ငွေခြောက်လှန့်တောင်းယူသူအား အရေးယူဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) ရပ်ကွက် သုမိတ္တာ ၂၅ လမ်း အိမ်အမှတ်(၉၇၁)နေ ဦးမင်းသူ (ယခင် လွှတ်တော်ပြင်ပ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝ မြှင့်တင်ရေးအဖွဲ့)သည် ညောင်တုန်းမြို့နယ်အတွင်းမှ ဝန်ထမ်း နှစ်ဦးအား ၎င်းတို့နှင့်ပတ်သက်သော တိုင်စာများ၊ အမှုတွဲများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ရောက်ရှိနေကြောင်း၊ ၎င်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အတွင်းရေးမှူးဖြစ်ကြောင်း၊ တိုင်စာကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ကြောင်းပြောဆိုကာ ဝန်ထမ်းနှစ်ဦးထံမှ ငွေကျပ်သိန်း ၃၀ ကို ခြောက်လှန့် တောင်းယူခဲ့သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဦးမင်းသူအား စိစစ်ရာ ၎င်းသည် ကော်မရှင်မှ ဝန်ထမ်းတစ်ဦးမဟုတ်ဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အတွင်းရေးမှူးဟု အယောင်ဆောင်ပြောဆိုပြီး ငွေကျပ်သိန်း ၃၀ ခြောက်လှန့်တောင်းခံရယူခဲ့သည်ကို စိစစ်တွေ့ရှိခဲ့သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့မရဲစခန်းတွင် ဖေဖော်ဝါရီ ၂၇ ရက်က ပထမ သတင်းပေးတိုင်ကြားချက်အမှတ် ၇၆/၂၀၂၀ ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အမည်ကိုအသုံးပြု၍ မလျော်မကန် ဆောင်ရွက်မှုများကို တွေ့ရှိပါက ပြည်သူလူထုအနေဖြင့် ကော်မရှင်သို့ အချိန်မီ သတင်းပေးပို့ကြရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မြစ်ငယ်၊ မိုင်းရယ်နှင့် မိုင်းဆတ်မြို့များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ရှိ မန္တလေး-ရန်ကုန် ကားလမ်းဟောင်း ထုံးဘိုတိုးဂိတ်အနီးတွင် ဆိုင်ကယ်တစ်စီးစီဖြင့် မောင်းနှင်လာသူ ကိုရဲ(ခ) စလင်းနှင့် ကဒင်းဘိုင်(ခ)မောင်စိုးတို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၈၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ် လွယ်ငင်းကျေးရွာအုပ်စု နားခေါ်ကျေးရွာနေ ဦးနန္ဒ(ခ)အိုက်လူ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီခွဲတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းတွန်း (တောင်ပေါ်) ကျေးရွာအုပ်စု မိုင်းထလန်း - ခပ်ပူတွန်းကျေးရွာသွားလမ်းတွင် မောင်းနှင်လာသော ဆိုင်ကယ်နှစ်စီးကို စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် နောက်ပြန်လှည့်ထွက်ပြေးခဲ့ပြီး ကျကျန်ခဲ့သည့် ဆာလာအိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် မိုင်းတွန်း (တောင်ပေါ်) ကျေးရွာအုပ်စု ဟွေမီးကျေးရွာ၏ အနောက်မြောက်ဘက် တောင်ယာသွားလမ်းဘေးချုံအတွင်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၊ အိုက်စ် နှစ်ကီလိုတို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့နယ် မိုင်းတွန်း(တောင်ပေါ်)ကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာအနီးတွင် အမြင့်ပေ ၁၀ ပေခန့်ရှိ သစ်ပင်ခြောက်ခွဆုံသစ်ခေါင်းအတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၈ ကီလို၊ အဖြူရောင်ကော်မှုန့် ၄ ဒသမ ၆၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## အင်းစိန်နှင့် လှိုင်သာယာမြို့နယ်တို့အတွင်း ခိုးမှုနှင့် လုယက်မှု ကျူးလွန်သူ နှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ဒုတိယပတ်က အင်းစိန်မြို့နယ် မြို့သစ်(က/ခ)ရပ်ကွက် (က-၄)လမ်းအတွင်း သူရိန်ထွန်း(ခ)ကိုသူ နှင့် အောင်မင်းခန့် တို့နှစ်ဦးကို တွေ့ရှိသဖြင့် ၎င်းတို့ကိုင်ဆောင်ထားသော ဖုန်းနှင့်ပတ်သက်၍စစ်ဆေးရာ အဆိုပါ ရပ်ကွက်အတွင်း အမျိုးသားတစ်ဦးထံမှ လုယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလများအတွင်း အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်တို့ရှိ ရပ်ကွက်များအတွင်းမှ စုစုပေါင်း ဖုန်း ၁၄ လုံးကို ခိုးမှုနှင့် လုယက်မှုကျူးလွန်ခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ သူရိန်ထွန်း(ခ)ကိုသူနှင့် အောင်မင်းခန့် တို့နှစ်ဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြစ်ကြီးနား၊ မန္တလေးနှင့် ဟသ်ာတ မြို့နယ်တို့တွင် မီးလောင်မှုဖြစ်စဉ်များကြောင့် နေအိမ်၊ အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံး

### မြစ်ကြီးနား

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်း-အင်ဂျန်ဒုံ မြောက် အမှတ် ၅၆ တွင် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၆ နာရီခွဲတွင် မီးဖိုမီးမှတစ်ဆင့် အနီးရှိနံရံသို့ မီးကူးစက်လောင်ခဲ့ရာ ခရိုင်မီးသတ်ဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ရှင် ဦးလရှီးဘရန်ဒီး၏ နေအိမ်တစ်လုံးနှင့် ဆိုင်ကယ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးလရှီးဘရန်ဒီးအား မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**စိန်ဝင်း(ပြန်/ဆက်)**

### မန္တလေး

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ဦးမောင်မောင်လွင် (၅၂ နှစ်) သည် ဖေဖော်ဝါရီ ၂၈ ရက် ည ၉ နာရီ ၅ မိနစ်က နေအိမ်၌ ဖုန်းအားသွင်းထားရာမှ အပူလွန်ကဲ၍ မီးကူးစက်လောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကို မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးလောင်ပြီး မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကာ မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားစဉ် အဆိုပါနေအိမ်အပေါ်ထပ်တွင် အိပ်နေသော ဦးမောင်မောင်လွင်၏ တူဖြစ်သူ မျိုးသူအောင် (၂၂ နှစ်) မှာ မီးလောင်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ သမက်ဖြစ်သူ တင်သိန်း (၄၂ နှစ်)တွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဦးမောင်မောင်လွင်ကို အောင်ပင်လယ်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

### ဟသ်ာတ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ဘုရားကြီးရပ်ကွက် ကုန်ရုံလမ်းရှိ အမှတ် ၉ တိုင်း (ဟသ်ာတ)မြန်မာ့မီးရထား သွားလာပို့ဆောင်ရေး ဝန်ထမ်းလိုင်းခန်းတွင် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီကျော်က မီးလောင်မှုဖြစ်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင် ဦးဆောင်သည့် ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။



ဟသ်ာတမြို့နယ်၌ မီးလောင်မှုကြောင့် ပျက်စီးသွားသော ဝန်ထမ်းလိုင်းခန်း အဆောက်အအုံကို တွေ့ရစဉ်။

အဆိုပါ မီးလောင်မှုကြောင့် ခြောက်ခန်းတွဲ နှစ်ထပ်လိုင်းခန်းမှာ မီးလောင်ဆုံးရှုံးကြောင်းသိရပြီး မီးလောင်သည့်အကြောင်းရင်းကို ပူးပေါင်းအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## ရွှေပေါ်ကျွန်းသာသနာပြုစခန်း ဖြစ်ရပ်မှန် စာအုပ် (၂၉-၂-၂၀၂၀)ရက် ထွက်ပါပြီ

ဆရာတော် အရှင်ဇေယျာသိဒ္ဓိဓမ္မဉာဏိတ (အစိုးရ-အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က **"ဗုဒ္ဓသာသနာ ၅၀၀၀-တည်မြဲရန်"** မျှော်မှန်းချက်ဖြင့် ရွှေပေါ်ကျွန်း စေတော်ဝင်သာသနာပြု စခန်းကို ၁၃၁၆-ခုနှစ်က တည်ထောင်ခဲ့ပါသည်။

ဆရာတော် ဦးကေသရ (ဥက္ကဋ္ဌ) မလှိုင်မြို့နယ်၊ ရေင်အုပ်စု၊ ရပ်ကျေးသံဃနာယကအဖွဲ့၊ ဂေါစရဂါမ်သံဃာတော်(၄၁)ပါးနှင့် ပဝါရဏာသံဃာတော်(၆၀)ပါးတို့က **"ဗုဒ္ဓသာသနာ့ အန္တရာယ်ကာကွယ်ရန်"** ရည်မှန်းချက်ဖြင့် တာဝန်ခံထုတ်ဝေပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရွှေပေါ်ကျွန်းအကျိုးဆောင်များထံ ဆရာတော်ကြီး၏ ဝေနေယျများ (ဓမ္မဒါန)ထုတ်ယူနိုင်ကြပါသည်။ **ထွက်ပြီ**




## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (၇)မိုင်ရွာ ဦးဝင်းဇော်ဦး ၉/ပမန(နိုင်)၁၃၈၄၈၅ ၏သား ဝါးဖြူတောင်အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝေဖြိုးအောင်နှင့် အောင်ဖြိုးဝေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဝေဖြိုးအောင်(ခ)အောင်ဖြိုးဝေ**

## တိုက်ခန်းကျယ်ရောင်းမည်

* စမ်းချောင်း၊ ဗဟိုလမ်းမ(နီး)
* ပေကျယ်(27x50)၊ 4.F
* ကျွန်းပါကေးပြည့်၊ ကြွေပြားပြည့်
* အိပ်ခန်း(2)၊ သံပန်းဆန်းရှိတ်ပါ
* လိုက်ကာနှင့်မျက်နှာကြက်အလှပါ
* ဘိုထိုင်အိမ်သာ၊ ပြင်ဆင်ပြီး(သန့်)

သိန်း(၈၇၀) ဖုန်း-၀၉-၅၁၈၅၃၅၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/7487 KHITTAYAR L/T(1) Ton (KTR-003)/Pickup ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင့်ပွင့်ဖြူ ၁၀/မဒန(နိုင်)၁၇၈၇၉၅ ကဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## ပျောက်ဆုံးကြောင်း

AK Yong Fu Co.,Ltd အမည်ရှိ B/N Mini Dumper Truck သည် IL NO: MSEQILV 18-19 0860 (30-5-2018) ID NO:13066I (6-6-2018). IL NO:MSE QILV 18-19 0877 (31-5-2018), ID NO:130662 (6-6-18) IL NO:MSE QILV 18-19 15334 (5-2-18), ID NO:A49376 (9-3-18) နှင့် တကွ Customs Statement ယာဉ်စစ်ဆေးပြီးစီးကြောင်း ခါတ်ပုံမူရင်း စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၁၉၃၅၁၄




CS AS

**B.Sc နိုင်ဝင်းအဖွဲ့**

TV,LCD-LED-PLASMA TV, PROJECTOR, 2' UBC AUDIO, ထမင်းချက်စက်နှင့် အားကစားဝစ္စည်းမျိုးစုံတို့ သီးသန့်အိမ်အရောက်ပြုပြင်ပေးပါသည်။

**09 73098630**




## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၆၄၇-အလယ်ရပ်)၊ ဦးပိုင်အမှတ်(ဘီ-၆)၊ ဧရိယာ ၀ဒသမ၁၁၉ကေအား အမှတ်တွဲအမှတ် (၆၃၁/ ၁၉၉၉-၂၀၀၀)ဖြင့် နှစ်(၃၀)ဂရန်အား ဦးလှိုင်ဘွားမြင့်အမည်ဖြင့် ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင်(၁-က)စာရင်း ရေးသွင်းမှုမရှိသေးသဖြင့် (၁-က)စာရင်းပြန်လည်ရေးသွင်းပေးရန် မြေဂရန်မူရင်းနှင့်အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ၁၅ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့(သိမ်ချောင်း)ရပ်ကွက်နေ မကေခိုင်ထွန်း ၅/စကန(နိုင်)၂၉၇၀၇၆ သည် ရွှေရတုသောက်ရေသန့်ကို ထုတ်လုပ်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မကေခိုင်ထွန်း**

ဖုန်း-၀၉-၂၅၆၀၅၃၁၀၁၊ ၀၉-၇၉၇၉၇၃၅၃၁

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊မြို့သစ်ရပ်၊ စွယ်တော်လမ်း၊ လမ်းသွယ် (၃)ရပ်ကွက်နေ ဒေါ်ရီရီဝင်း ၅/မလန(နိုင်)၀၂၂၅၃၇ သည် ဆက်ပိုင်ဖြိုး သဘာဝဇီးချဉ်သီးအနှစ်ရည်ကို ထုတ်လုပ်ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဝင်း**

ဖုန်း-၀၉-၄၀၀၄၀၅၁၅၅

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

လားရှိုးမြို့နယ်၊မယ်ဟန်ကျေးရွာ၊ ရပ်ကွက်(၁)နေ သမီး မစုမြတ်မွန်သည် မိဘ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အပြင် မိမိသဘောဆန္ဒအတိုင်းနေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများကို မိဘများအနေဖြင့်(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင်-ဦးစောကျော်နီဝင်း ၃/သတန(နိုင်)၀၁၉၅၃၅**
**မိခင်-ဒေါ်နော၀ါးဖော TTG-၀၁၁၁၉၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/3921 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကျောက်မဲမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/8722 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၉)၊ ဇေယျာလမ်း၊အိမ်အမှတ်(၅၇)နေ ဦးမရန်တန်-ဒေါ်ဒေါ်လုဆိုင်တို့၏သား မောင်ဘရန်နန် ၁၃/လရန(နိုင်)၁၄၆၀၁၀ သည် မိဘအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့သည်ကို အကြိမ်ကြိမ်ခွင့်လွှတ်ခဲ့သော်လည်း ယခုအခါ ထပ်မံပြုလုပ်၍ နေအိမ်မှထွက်ခွာသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင် ဒေါ်ဒေါ်လုဆိုင် ၁၃/သနန(နိုင်)၀၀၂၄၉၁**

၁၉၃၃ခုနှစ် – သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

ရွှေမန်းတောင်

အမှတ်တံဆိပ်

အကြောပြေ မျက်စိကြည့်ဆေး

မျက်စိအမြင်အားနည်းခြင်း၊ မျက်စိဝေခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြော တက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အမြုံကွက် အနီကွက်များ ထွက်ခြင်း၊ သွေးဆုံးမီးယပ် ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ကြော်ငြာခွင့်ပြုချက်အမှတ် တဆထလ(စာနယ်ဇင်း)၀၁ / ၈၂၀၃

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် – TMR 007525(0620)

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးစက်ရုံ – အမှတ်(၁၁၆၅–၆၆–၆၇)၊(၆၃)ရပ်ကွက်၊ စက်မှုဇုံ(၂)၊ စက်မှုလမ်းမကြီး၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁–၃၅၉၀၀၃၄။ ဖြန့်ချိရေး–အမှတ်(၁၀၂)၃၈လမ်း၊ရန်ကုန်မြို့။ ဖုန်း–(၀၁)၃၃၇၆၈၀၈၊ ၉၅၄၉၀၄၂၊ (၀၉)၈၅၉၈၄၅၃

ပုလဲ စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၂၀/၂၀၂၁ ဒသမတန်းပညာသင်ဆုဖိတ်ခေါ်ခြင်း

ထူးချွန်ကြိုးစားသော ကျောင်းသား / သူများ ပညာရေးအခွင့်အလမ်းရရှိစေရန် အောက်ပါပညာသင်ဆုများချီးမြှင့်ပါမည်။

ပညာသင်ဆု (ပထမဆင့်) – ဘော်ဒါနှင့်ကိုယ်ပိုင်ကျောင်း ရာနှုန်းပြည့်အခမဲ့တက်ရောက်ခွင့်။

ပညာသင်ဆု (ဒုတိယဆင့်) – ဘော်ဒါနှင့်ကိုယ်ပိုင်ကျောင်း ၅၀% တစ်ဝက်သက်သာခွင့်။

၁။ နဝမတန်းစာဖြေဆိုရမည်ဖြစ်ပြီး ထူးချွန်ပါက ဦးရေမကန့်သတ်ပဲချီးမြှင့်ပါမည်။ ၂။ နဝမတန်းဖြေဆိုပြီးသည့် မည်သည့်ကျောင်းသား/သူမဆို ဖြေဆိုခွင့်ရှိသည်။

၃။ ပညာသင်ဆုဖြင့်တက်ရောက်ပြီး ဒသမတန်းကို(၄)ဘာသာဂုဏ်ထူးနှင့်အထက်အောင်မြင်ပါက နိုင်ငံခြားလေ့လာရေးခရီးပါ အခမဲ့ပို့ဆောင်ပေးပါမည်။

ဖြေဆိုရမည့် ဘာသာရပ်များ

၁။ မြန်မာစာ (စာစီစာကုံး၊ သဒ္ဒါနှင့် နဝမတန်းကဗျာ) ၃။ သင်္ချာ (နဝမတန်းအဆင့်)

၂။ အင်္ဂလိပ်စာ (Essay/Letter နှင့် နဝမတန်း Grammar) ၄။ ဓါတုဗေဒ (နဝမတန်းအဆင့်) ၅။ ရူပဗေဒ(နဝမတန်းအဆင့်)

ဖြေဆိုရမည့်နေ့ရက် – ၁၄–၃–၂၀၂၀ (စနေနေ့) နံနက်(၉:၀၀)နာရီမှ ညနေ(၄:၀၀)နာရီထိ

ဖြေဆိုရမည့်နေရာ – ပုလဲစံပြဘော်ဒါနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်။

Scholarship ရွေးချယ်ခံရသူအမည်စာရင်းကို (၁၇–၃–၂၀၂၀)ရက်နေ့တွင်ကြေငြာပြီး (၃၀–၃–၂၀၂၀)ရက်နေ့တွင် နွေရာသီသင်တန်းစတက်ရမည်။

မတ်လ(၁၂)ရက်နေ့ နောက်ဆုံးထားပြီး လူကိုယ်တိုင်/စာတိုက်ဖြင့် ကိုယ်ရေးအချက်အလက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ယခင်တက်ရောက်ခဲ့ဖူးသောကျောင်းအမည်များ၊ ရရှိခဲ့သောဆုအထောက်အထားများ (ဓါတ်ပုံ၊ဂုဏ်ပြုကဒ်မိတ္တူများ)ကို အောက်ပါလိပ်စာသို့ပေးပို့ရမည်။

အမှတ်(၇၇)၊ ၄ဝါလမ်း၊ ပုလဲမြို့သစ် (တံတားဖြူမှတ်တိုင်အနီး) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉–၄၅၆၃၉၉၉၉၁၊ ၀၉–၄၅၆၃၉၉၉၉၂

## မွေးသက္ကရာဇ်အမှန်

ဦးတင်မြင့်လွင် (၁၅၇/၁၆၉)၊ ၃၆လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်နေထိုင်သူ၏သမီး မလွင်သက်ထားရှိန် ၁၂/ကတတ(နိုင်)၀၃၃၀၇၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁–၆–၂၀၀၁ ဖြစ်ပါကြောင်း။ **မလွင်သက်ထားရှိန်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ ကျီရပ်ကုန်းအထက နဝမတန်း(B)မှ မောင်သက်ဇင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်လှိုင် ၈/မထန(နိုင်)၀၃၂၄၁၆ ဖြစ်ပါကြောင်း။

**ဦးညွန့်လှိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8861 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8525 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈/၂ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၂၄ လမ်း ၅၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအား ဦးမြတ်မင်းဦး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားလာခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂/၁–က)၊စီတာပူတောင်၊ဦးပိုင်အမှတ်(၉၂)၊ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်ကို အမှုတွဲအမှတ် ၃၁၇၇/V(၁၉၈၉–၁၉၉၀) အရ ၁–၇–၁၉၉၀ ရက်မှ ၃၀–၆–၂၀၂၀ ရက်အထိ နှစ်(၃၀)ဂရန်အား ဦးဝင်းလွင်အမည်ဖြင့် ရရှိခဲ့ပြီး အဆိုပါ အိမ်ခြံမြေကွက်ကို ၁၇–၇–၁၉၉၀ ရက်တွင် ဒေါ်ဇက်ဒေါင်းညွယ်မှ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ရာ ၎င်းဦးဝင်းလွင်အမည်ပေါက် မြေငှားဂရန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းတို့သည် ၂၀၀၃ ခုနှစ် မြစ်ကြီးနားမြို့ ရေကြီးစဉ် နေအိမ်ပြောင်းရွှေ့ရာမှ ပျောက်ဆုံးသွားခဲ့ပါသဖြင့် ဦးဝင်းလွင်အမည်ပေါက် မြေငှားဂရန်အား မိတ္တူမှန်ကူးယူခွင့်ပြုပါရန် ဒေါ်ဇက်ဒေါင်းညွယ် ၁၃/ကခန(နိုင်)၀၀၀၂၄၉ မှ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(မိတ္တူမှန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ် (၁၇/၁)၊ ဦးပိုင် (၂/၆)၊ ဧရိယာ ၀ ဒသမ ၁၆၀ ဧကရှိ မြေကွက်တွင် ဦးဝင်းညွှန့် ၅/ကဘလ(နိုင်)၀၀၄၇၅၉ သည် ၂၀၀၀ ပြည့်နှစ်မှစတင်၍ မြေအားခုတ်ထွင်ရှင်းလင်းပြီးနေထိုင်ခဲ့ကြောင်း၊ ၎င်း၏အမည်ဖြင့် ၂၀၀၅ ခုနှစ်မှစ၍ မြေခွန်ပြေစာအမည်ပေါက် ရရှိခဲ့သည်မှာ ယခုနှစ်ကာလချိန်ထိဖြစ်ပါသဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၄–၁၀–၂၀၁၉ ရက်စွဲပါကျမ်းကျိန်လွှာ အမှတ် ၇၈၄/၂၀၁၉ကို ၂၅–၁၀–၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၆၈၇/၂၀၁၉) ဖြင့် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ အကွက်အမှတ် (၄–က/ဘူတာဈေးကွက်)၊ ဦးပိုင်အမှတ် (၃)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၅ဧက၊ မြေဂရန်အမှုတွဲအမှတ်၊ ၇၂၁–၅/၁၉၉၆–၉၇ (အေ)သည် ဦးကျော်အေး (KPG–၁၀၇၇၅၉) အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ၃–၂–၂၀၀၅ ရက်တွင် မြို့နယ်စာချုပ်စာတမ်းဌာန၊ မှတ်ပုံတင်အမှတ် ၅၃VI/၂၀၀၅ အရ ဦးဇော်ဇော်ဝင်း ၉/မမန(နိုင်)၀၂၂၇၆၇ သို့ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခဲ့သည်။ ၂၀–၉–၂၀၁၂ ရက်တွင် မြို့နယ်စာချုပ်စာတမ်းဌာန၊ မှတ်ပုံတင်အမှတ် (၃၂၂I/၂၀၁၂) အရ (ဦးကျော်အေးထံမှ အထွေထွေကိုယ်စားလှယ်ရရှိသူ) ဦးဇော်ဇော်ဝင်းမှ ဒေါ်နန်းမွေးခင် ၁၃/လရန(နိုင်)၀၉၄၄၄၇ သို့ ရောင်း/ဝယ်ကြပြီးဖြစ်ပါသည်။ ၁၉–၂–၂၀၁၈ ရက်တွင် မြို့နယ်စာချုပ်စာတမ်းဌာန၊ မှတ်ပုံတင်အမှတ် ၂၃၇VI/၂၀၁၇ အရ ဒေါ်နန်းမွေးခင် ၁၃/လရန(နိုင်)၀၉၄၄၄၇ သည် ဦးသိန်းထွဋ် ၇/ပတတ(နိုင်)၀၇၄၅၀၈ သို့အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ အထူးကိုယ်စားလှယ်ရရှိသူ ဦးသိန်းထွဋ် ၇/ပတတ(နိုင်)၀၇၄၅၀၈ မှ ၃–၂–၂၀၂၀ ရက်တွင် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၃၂I/၂၀၂၀ အရ ဒေါ်အေးအေးတင့် ၁၃/နခတ(နိုင်)၀၀၂၇၀၁ မှ ဝယ်ယူပြီးဖြစ်ရာ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ ရွာသစ်ပွဲကြိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၀–A၊ရွာသစ်အနောက်)၊ ဦးပိုင်အမှတ်(၂၈–ဃ)၊ ဧရိယာ ၀ဒသမ၀၃၅ဧကအား အမှုတွဲအမှတ် ၉၉၆/၁၉၉၇–၁၉၉၈ဖြင့် နှစ်(၃၀) ဂရန်အား ဒေါ်ကြည်ကြည်စိန်အမည်ဖြင့် ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် (၁–က)စာရင်းရေးသွင်းမှု မရှိသေးသဖြင့် (၁–က)စာရင်းပြန်လည်ရေးသွင်းပေးရန် မြေဂရန်မူရင်းနှင့်အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ကွင်းအမှတ် ၂၂၊ ဦးပိုင်အမှတ် ၂၈၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေကွက်အား ဦးသိန်းလွင်အမည်ဖြင့် ၃၀–၆–၂၀၂၀ရက်ထိ (၃၀)နှစ် မြေငှားဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၂၈–၇–၁၉၉၈ရက်တွင် ဦးသိန်းလွင်ထံမှ ဦးချော်နေပါးနှင့် ဦးအားဒီးဆာတို့(၂)ဦးက နှစ်သဘောတူနေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးချော်နေပါးသည် ၁၆–၁–၂၀၁၆ရက်တွင် ဇွဲပါးရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး၊ ၎င်း၏တစ်ဦးတည်းဇနီးဖြစ်သူ ဒေါ်အားချာယောအန် ၁/ပတအ(နိုင်)၀၁၈၇၄၅နှင့် သား ဦးအားဒီးဆာ ၁/မကန(နိုင်)၁၂၁၀၃၆အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၁၀–၉–၂၀၁၉ရက်စွဲပါကျမ်းကတိသစ္စာပြုဆိုလွှာ အမှတ် ၆၄၃/၂၀၁၉ကို ၁၃–၉–၂၀၁၉ရက်စွဲပါ ကျမ်းကတိသစ္စာပြုဆိုလွှာ မှတ်ပုံတင် အမှတ် ၆၄၄/၂၀၁၉ဖြင့် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်းထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/4726 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၅/ခဥန(နိုင်)၀၉၀၉၆၀ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရွှေဘို)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/97434 Zongshen 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၅/စကန(နိုင်)၀၂၅၄၀၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

# ဂျပန်-အာဆီယံ ယူ-၁၉ ပြိုင်ပွဲ မြန်မာအသင်း တတိယဆုရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ဂျပန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း တတိယနေရာ ရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် နောက်မှ လိုက်ကစားရသော်လည်း ရန်နိုင်လင်းက ချေပဂိုး ပြန်သွင်းခဲ့သောကြောင့် တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

ပယ်နယ်တီ ဆုံးဖြတ်ရာတွင် လွင်ဇော်မောင်၊ သက်ဟိန်းစိုးနှင့် ညီညီတို့က ဂိုးများသွင်းယူခဲ့သည်။ ဗိုလ်လုပွဲတွင် ဂျပန်အသင်းက တီမောအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အဆင့် (၅) နေရာလုပွဲတွင် ကမ္ဘောဒီးယားအသင်းက မလေးရှားအသင်းကို ပယ်နယ်တီအဆုံးအဖြတ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲအပြီးတွင် အိမ်ရှင် ဂျပန်အသင်းက ပထမ၊ တီမောအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ၊ လာအိုအသင်းက စတုတ္ထ၊ ကမ္ဘောဒီးယားအသင်းက ပဉ္စမ၊ မလေးရှားအသင်းက ဆဋ္ဌမ ရရှိခဲ့သည်။

ရဲရင့်ရှိုင်း

# ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဘောလုံးပွဲစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၉**

၂၀၂၀ ရာသီ Myanmar National League (MNL) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များအနက် ချင်းယူနိုက်တက် FC အသင်းနှင့် ရှမ်းယူနိုက်တက် FC အသင်းတို့သည် မတ် ၁ ရက် ညနေ ၄ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အမျိုးသားနှင့် အမျိုးသမီးအသင်းလိုက် ရန်ကုန်တိုင်းဒေသကြီး တံခွန်စိုက်ဖလားဆွတ်ခူး



အမျိုးသမီးအသင်းလိုက် ခြောက်ပေါက်တန်းပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲ၌ အမျိုးသားအသင်းလိုက် ခြောက်ပေါက်တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၁၂၆၅ မှတ်- ၁၁၉၉ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးအသင်းလိုက်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက နေပြည်တော်

စာမျက်နှာ ၁၃ ကော်လံ ၅ ◆

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာ-၇

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ကိုရိုနာဗိုင်းရပ်စ်ကို အထူးစိုးရိမ်ပူပန်နေကြောင်း ဖော်ပြ စာ-၁၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် အတွင်းရေးမှူးဟု အယောင်ဆောင်ပြောဆို၍ ငွေခြောက်လှန့်တောင်းယူသူအား အရေးယူဆောင်ရွက် စာ-၂၁

# MNL ပြိုင်ပွဲ ရောဝတီနှင့် စစ်ကိုင်းနိုင်ပွဲရပြီး ဟံသာဝတီအသင်း ပထမဆုံးရှုံးပွဲကြုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၉**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကွင်းသုံးကွင်း၌ကျင်းပရာ ဧရာဝတီနှင့် စစ်ကိုင်းအသင်းနိုင်ပွဲရပြီး ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်း ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ဟံသာဝတီအသင်း ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ပိုင်းက ရှုံးပွဲမရှိသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဟံသာဝတီအသင်း၏ ခုနစ်ပွဲဆက် နိုင်ပွဲမှတ်တမ်းမှာ အဝေးကွင်း၌ ရပ်တန့်ခဲ့ရကာ ဧရာဝတီအသင်းကို အရှုံး ပေးခဲ့ရသည်။ ဧရာဝတီအသင်းမှာမူ အိမ်ကွင်း၌ ရလဒ်ကောင်း ရယူနိုင်ခဲ့ပြီး ထိပ်ဆုံးမှ ဟံသာဝတီအသင်းနှင့် အမှတ်ကွာဟမှုကိုလျှော့ချကာ တစ်မှတ်သာ ကွာဟတော့သည်။ ဟံသာဝတီအသင်းသည် ယခုရာသီ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း ဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်လျက်ရှိသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး နိုင်ပွဲရရန် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သည်။

ဟံသာဝတီအသင်းသည် အဝေးကွင်း၌ ပုံစံကောင်း ပြသနိုင်ခဲ့ပြီး ထောင့်ကန်ဘောများမှ ဂိုးရနိုင်သည့်အနေအထားများရှိခဲ့ရာ အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ၂၅ မိနစ်တွင် ဟံသာဝတီကွင်းလယ်လူ ဘိုဘိုနိုင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ၂၉ မိနစ်တွင် ဧရာဝတီကွင်းလယ်လူ တင်ဝင်းအောင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ နှစ်သင်းစလုံး ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ ဒုတိယပိုင်းအစတွင် ဧရာဝတီအသင်း အနိုင်ဂိုး ရခဲ့ပြီး ရာဇာအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုး ရရန် ကြိုးပမ်းခဲ့သော်လည်း ဧရာဝတီအသင်း ခံစစ် အမှားအယွင်းမရှိခဲ့သလို တိုက်စစ်မှူးများမှာလည်း အဆုံးသတ်

စာမျက်နှာ ၁၃ ကော်လံ ၅ ●



# ပရီမီယာလိဂ် ပွဲစဉ်(၂၈) ယှဉ်ပြိုင် ၊ ပဲလေ့စ်တို့အဝေးကွင်း၌ ဘရိုက်တန်ကို အနိုင်ရ

ပရီမီယာလိဂ် ပွဲစဉ်(၂၈) ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပဲလေ့စ်တို့က အဝေးကွင်း၌ ဘရိုက်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန်အထက်က ဘရိုက်တန်နှင့် ဇယားအလယ်အလတ်အသင်းဖြစ်သည့် ပဲလေ့စ်တို့ပွဲမှာ အနိုင်ရရှိရေးအတွက် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားခဲ့ပြီး ပဲလေ့စ်အတွက် အနိုင်ဂိုးကို ပွဲချိန် မိနစ် ၇၀ တွင် တိုက်စစ်မှူး အယူးက သွင်းယူပေးခဲ့သည်။ (အပေါ်ပုံ)

စာမျက်နှာ ၁၃ ကော်လံ ၅ ❑

